


နှင်းတောကြိုး
သိုင်းသုနစ်ဇာချိုး
၂ + ၃
နှစ်အုပ်တွဲ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၇၀ / ၂၀၀၀ ( ဖ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၈ / ၂၀၀၀ ( ဖ ) |
| ထုတ်ဝေကာလ | ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် |
| | ချိုတေးသံစာပေ |
| | ရွှေနံ့သာရိပ်သာ၊ ပုလဲမြို့(၃)၊ |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး-ပုံနှိပ်တိုက်၊ |
| | ၁၂/ဒါနလမ်း၊ သာယာကုန်း၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/၈၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |



တိုးတက်ရေး

၈၁၄၀

[illegible]


# နန္ဒကျော်သူ

# သိုင်းခုနစ်ကျမ်း

(ပ + ၃ ဓာတ်သိမ်း)

၂-အုပ်တွဲ သိုင်းစာစဉ်

# စိန္တကျော်သူ

## သိုင်း ခုနစ် ကျမ်း

( ပထမ နိုင်၊ )

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .. ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .. ဒို့အရေး

❋❋❋❋❋❋❋❋❋

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

တိုးတက်ရေးစာပေ

## ယုံစားမိမှား

---

ကျောက်စာတိုင်။

သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော အထင်ကရ သိုင်းသမားကြီး စန်ကျန်ကို ကြည်ညိုလေးစားသော အားဖြင့် စိုက်ထူထားသည့် အထိမ်းအမှတ် ကျောက်စာတိုင် ရှေ့၌ အဘွားအိုတစ်ဦး ရှိနေပါသည်။

ထိုအဘွားအိုသည် ဆရာကြီး စန်ကျန်၏ တပည့်ကြီးခုနစ်ယောက်အနက် အမှတ်စဉ်ခြောက်နေရာတွင် ရှိသော ဝါပေ ဖြစ်သည်။

ဝါပေသည် လက်ထဲ၌ မီးညှိထားသောအမွှေးတိုင် အချို့ကို ကိုင်ထားပြီး ကျောက်စာတိုင်ရှေ့၌ လက်အုပ်ချီ၍ရင်ထား မျက်လုံးစုံမှိတ်ရင်း နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် တီးတိုးရေရွတ်နေသည်။

ကွယ်လွန်သွားပြီဖြစ်သော ဆရာဖြစ်သူအား ပူဇော်ကန်တော့ကာ တိုင်တည်ပြောဆိုနေခြင်းဖြစ်ကြောင်း ထင်ရှား၏။

ဝါပေ၏ အနောက်ဘက် မလှမ်းမကမ်းတွင် အသက် ၃၁ …းပါးရှိ လူရွယ်တစ်ဦးက ဒူးထောက်၍ ရှိကျိုးစွာရှိနေသည်၊

ထိုလူရွယ်မှာ ဝါပေ၏တစ်ဦးတည်းသော တပည့် ကျင်ဝ ဖြစ်၏၊

ဝါပေသည် အတန်ကြာအောင် တိုင်တည်နေပြီးမှ ဆရာဖြစ်သူ၏ ကျောက်စာတိုင်ရှေ့တွင် ဒူးထောက်ကန်တော့လိုက်သည်။

ဦးသုံးကြိမ်ချ၍ ရှိခိုးပူဇော်ပြီးမှ ထရပ်၏။ တပည့်ဖြစ်သူ ကျင်ဝက်ဘက်သို့ လှည့်ကြည့်သည်။ ကျင်ဝက်က ဒူးထောက် နေ ခေါင်းငုံ့ထားလေသည်။

ဝါပေက ကျင်ဝက်ကိုတစ်ချက်ကြည့်လိုက်ပြီး....



'ကျင်ဝ မင်းရဲ့ဆရာဘိုးဘိုးကိုကန်တော့လိုက်....

ဟု အမိန့်ပေးလိုက်သည်။

ကျင်ဝက ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ ဆရာ....

ချက်ချင်းပင် စန်ကျန့်၏ကျောက်စာတိုင်ကို ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့လိုက်၏။

ဝါပေသည် ကျင်ဝ၏ သွက်လက်ချက်ချာပုံနှင့် အလိုက်သိတတ်မှုကို ကြည့်၍ သဘောကျ ကျေနပ်သည့်အလား ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကျင်ဝ'

'ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ....

'ငါဟာ မင်းကို သိုင်းပညာသင်ပေးတဲ့ဆရာလဲ ဖြစ်တယ်၊ မွေးစားမိခင်ကျေးဇူးရှင်လဲဖြစ်တယ်ဆိုတာမင်းသိတယ်နော်'

ကျင်ဝ ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်ဆရာ....

မှန်ပေ၏။

ကျင်ဝသည် မိဘမဲ့ တစ်ကောင်ကြွက်ဘဝဖြင့် လမ်းပေါ်တွင် တေပေလေလွင့်နေခဲ့သူဖြစ်သည်။

အသက်ငါးနှစ်သားအရွယ်ကပင် လမ်းပေါ်သို့ ရောက်ခဲ့ပြီး ငတ်တစ်လှည့် ပြတ်တစ်လှည့် လမ်းပေါ်အိပ် လမ်းပေါ်စားရင်း ဆိုးဝါးခါးသီးသောဘဝကို ရင်ဆိုင်ခဲ့ရသည်။

အရိုးပေါ်အရေတင် ပိန်ချုံးချိနွဲ့သော မွဲခြောက်ခြောက် အသားအရည်ပိုင်ရှင် ဝါကျင်ကျင်မျက်လုံးရှင်လူစဉ်မမီနိုင်စွာဖြစ်ခဲ့ရသောကျင်ဝသည် တစ်ခုသောဆောင်းရာသီအချိန်ဝယ် နံငယ်ပိုင်းမျှသော အဝတ်အစားများဖြင့် နောက်ဖေးလမ်းကြားအမှိုက်ပုံတစ်ခုအနီးဝယ် လဲနေခဲ့သည်။

သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်တာ အပြင်းဖျားနေ၏။

အစာငတ်ရေငတ် ရောဂါထူပြောမှုကြောင့် သေငယ်ဇောဖြင့် မြောနေခြင်းဖြစ်သည်။

ထိုအချိန်တွင် ဝါပေက ကျင်ဝအား တွေ့ရှိသွားပြီးကယ်တင်လိုက်ခြင်းဖြစ်လေသည်။



ဝါပေသာ ကယ်တင်ခြင်းမပြုလျှင် ကျင်ဝ သေဆုံးရမည်မှာ မြေကြီးလက်ခတ်မလွဲပါချေ။

ဝါပေသည် ကျင်ဝကိုကယ်တင်လာပြီး ကောင်းစွာကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့၏။ သိုင်းပညာသင်ပေးခဲ့သည်။

သို့ဖြင့်

နှစ်၊ရက်၊ကာလတို့ တဖြည်းဖြည်းကုန်ဆုံးသွားလေသည်။

ကျင်ဝသည်တစ်စထက်တစ်စအရွယ်ရောက်လာပြီး လူတစ်လုံးသူတစ်လုံးဖြစ်လာသည်။

ဝါပေ၏သိုင်းပညာကို ဆရာ့ခြေရာ နင်းနိုင်သည်အထိပင် တတ်မြောက်လာသည်။

ဝါပေ၏ဆရာ စန်ကျန်သည် သိုင်းလောက၌ပြိုင်ဘက်ကင်းသည့် ပထမသိုင်းဆရာကြီးဖြစ်သည်။

စန်ကျန်၏ တပည့်များဖြစ်သော ဝါပေတို့ သည်လည်း သိုင်းလောက၌ လက်မထောင်၍ ဝင့်ကြွားနိုင်သည့် ထိပ်သီးသိုင်းသမားကြီးများဖြစ်လာကြသည်။

ဝါပေထံမှတစ်ဆင့် အမွေရခဲ့သည့် ကျင်ဝသည် ငယ်ငယ်ရွယ်ရွယ်ဖြင့်ထိပ်တန်းသိုင်းပညာရပ်များတတ်မြောက်ထားသူဖြစ်နေပါတော့သည်။

ကျင်ဝပေါ်တွင် ဝါပေ၏ကျေးဇူးတရားများဆပ်၍မကုန်နိုင်အောင်ရှိနေပါတော့၏။

ဝါပေက မျှော်လင့်ချက်ထားသည့် အကြည့်ဖြင့် ကျင်ဝကို ကြည့်လိုက်၏။

'ကျင်ဝ ငါဟာ လူသိနည်းအောင်နေခဲ့တယ်ဆိုတာ မင်း သိပါတယ်၊ ဒါပေမယ့် မင်းကို ငါဘာကြောင့်မွေးစားခဲ့ရလဲ၊ သိုင်းပညာ သင်ပေးခဲ့ရသလဲဆိုတာတော့ မင်း သိမယ်မထင်ဘူး'

ဟု ပြောလာသည်။

ကျင်ဝ အံ့သြသွားသည်။

ယခုက ဝါပေနှင့် နှစ်ပေါင်းများစွာ အတူနေလာသဖြင့် သူမ၏ အကြောင်းကို အမြုမချေးခါးမကျန် သိထားပြီး ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားသည်ဟု ယူဆထားသည်။

ယခု

တစ်ကြိမ်တစ်ခါမှ မကြားဘူးသော ဝါပေ၏ သဘောထားကိုကြားလိုက်ရသည့်အခါ မယုံနိုင်စွာ ဖြစ်သွားရသည်။



ဝါပေက

'ကျင်ဝ ဒီကနေ့ဟာ ငါရဲ့သဘောထားအမှန်ကိုဖွင့်ပြောဖို့ အချိန်ကျပြီလို့ယုံကြည်တယ်၊ ငါပြောတဲ့စကားကို မင်း သေသေချာချာ နားထောင်ပြီး မှတ်သားရသိမ့်မယ်....

ဟု တည်ကြည်သောမျက်နှာထားဖြင့်ပြောသည်။

ကျင်ဝ ဦးညွှတ်လိုက်သည်။

ဝါပေက

'ကောင်းပြီ၊ သေသေချာချာနားထောင်ပါ–

'ဟုတ်ကဲ့—ဆရာ'

'အင်း—မင်းရဲ့ ဆရာဘိုးဘိုးဟာ တစ်ချိန်က သိုင်းလောကမှာ ပြိုင်ဘက်ကင်း အဓိပတိ သိုင်းသမားကြီး ဖြစ်ခဲ့တယ်ဆိုတာရော ခုချိန်ထိ သူတီထွင်ခဲ့တဲ့ သိုင်းပညာရပ် ခုနစ်မျိုးထက်သာလွန်တဲ့ ပညာကို တီထွင်နိုင်တဲ့လူ သိုင်းလောကမှာ မရှိသေးဘူးဆိုတာရောယုံမှားသံသယ ရှိစရာမလိုဘူးကွယ့်'

ကျင်ဝ ခေါင်းညိတ်၏။

သူ ကိုယ်တိုင်လည်း ဝါပေပြောသလိုအခိုင်အမာယုံကြည်ထားလေသည်။

၄။ ဝါပေတာ

'မင်းရဲ့ ဆရာဘိုးဘိုးမှာ ငါအပါအဝင် တပည့်ခုနစ်ဦးသိ‌ခဲ့တယ်၊ ဆရာဟာ သူတီထွင်ထားတဲ့ သိုင်းပညာခုနစ်မျိုးသိုကို တပည့်တစ်ဦး ပညာတစ်မျိုးခွဲခြားပြီး သင်ကြားပေးခဲ့တူး၊ယ်၊ အားလုံးဟာ ဆရာသင်ပေးတဲ့ ပညာရပ်တစ်မျိုးဆီကို ဘစ်ဖက်ကမ်းခတ်ကျွမ်းကျင် တတ်မြောက်ခဲ့ကြတယ်'

ကျင်ဝဏ ဝါပေသည် အဓိပတိ သိုင်းဆရာကြီးစန်ကျန်ထံမှ ကိုယ်ဖော့ပညာကိုပညာကုန်ရရှိခဲ့သည် မဏုတ်ပါလား။

စန်ကျန်တီထွင်ခဲ့သော ကိုယ်ဖော့ပညာသည် ပြိုင်ဘက်ကင်းသော ပညာရပ်တစ်ခုဖြစ်ကြောင်း သဘောပေါက်နားလည်ထားရကား ကျန်ပညာရပ်ခြောက်မျိုးသည်လည်း ပြိုင်ဘက်ကင်းသော ပညာမျိုးဖြစ်မည်ဟု အလိုလိုနားလည်ထားမိလေသည်။

အကယ်၍—

ကျန်ပညာရပ်ခြောက်မျိုးကိုပါသင်ယူနိုင်မည် ဆိုပါလျှင် အတိုင်းထက်အလွန်ရှိပေသည်။



စန်ကျန်ကဲ့သို့ အဓိပတိသိုင်းသမားကြီးတစ်ယောက်သိုင်းလောက၌ ထွက်ပေါ်လာပေလိမ့်မည်။

စန်ကျန်ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့်ရှိပြီဖြစ်သည်။

ယခုတိုင် စန်ကျန်အားမီနိုင်သူသိုင်းလောက၌ ထွက်ပေါ်လာခြင်း မရှိသေးပေ။

ကျင်ဝလည်း ရင်ထဲလှုပ်ရှားလာသည်။

သို့သော် သူ၏ ခံစားချက်ကို ဆရာဖြစ်သူ ဝါပေ မရိပ်မိအောင် မျိုသိပ်ထားလိုက်၏။

ဝါပေ၏ မျက်နှာ၌လည်း ထူးခြားသောအရိပ်အယောင်များဖြစ်ပေါ်လာသည်။

'ဆရာဟာ တပည့်ခုနစ်ယောက်ကို ပညာသင်ပေးရာမှာ စည်းကမ်းချက်တစ်ခုကို တင်းတင်းကြပ်ကြပ် ချမှတ် ထားခဲ့တယ်၊ အဲဒီစည်းကမ်းကတော့ တပည့်တွေဟာ ကိုယ်သင်ယူရတဲ့ ပညာကိုသာလျှင် တစ်စိုက်မတ်မတ် လေ့ကျင့်ရမယ်၊ တစ်ယောက်နဲ့တစ်ယောက်ပညာမဖလှယ်ရဘူး ဘစ်ယောက်ရဲ့ပညာကို တစ်ယောက်က မလေ့လာရဘူး တစ်ယောက်ကို တစ်ယောက်သင်မပေးရဘူးဆိုတဲ့စည်းကမ်းချက်ပဲ'

ကျင်ဝက-

'ဘာဖြစ်လို့ ဒီလိုစည်းကမ်းချက်ချမှတ်ခဲ့ရတာလဲ ပြောပြပါလားဆရာ'

ဟု လွှတ်ခနဲမေးလိုက်သည်။

ဝါပေက-

'တခြားကြောင့်မဟုတ်ဘူး၊ သိုင်းပညာရပ် တစ်မျိုးစီဆိုပေမယ့် လျှို့ဝှက်တဲ့ ခက်ခဲနက်နဲတဲ့ အာရုံစူးစိုက်ပြီး လေ့ကျင့်နိုင်မှ အောင်မြင်နိုင်တဲ့ပညာ တစ်မျိုးတည်းကို ဇောက်ချပြီး ထူးချွန်အောင်မြင်အောင်ကြိုးစားခိုင်းခဲ့တာ....

'တပည့်ခုနစ်ယောက်ရဲ့စိတ်နေစိတ်ထား အလေ့အကျင့် ခွန်အား အစစအရာရာကို သေသေချာချာ ချိန်ဆပြီး လိုက်ဘက်ညီမဲ့ ပညာတစ်မျိုးစီသင်ပေးခဲ့တာ ဖြစ်တယ်

'တကယ်လို့ ကိုယ်သင်ရတဲ့ပညာအပြင် တခြားပညာရပ်တွေပါ စိတ်ဝင်စားနေမယ်ဆိုရင် အာရုံတွေပြားသွားလိမ့်မယ်၊ ကိုယ့်ပညာကိုလဲမကျွမ်းကျင်၊ သူများပညာကိုလဲမတတ်၊ ဟိုမရောက်ဒီမရောက်ဖြစ်လိမ့်မယ် တယ်တော့မှ အောင်မြင်



နိုင်တော့မှာ မဟုတ်ဘူးဆိုပြီး ကိုယ့်ပညာ ကိုယ်သာ ကိုယ်လေ့ကျင့်ရမယ်၊ သူများပညာကို ယောင်လို့တောင် မလေ့လာရဘူးလို့တင်းတင်းကြပ်ကြပ်စည်းကမ်းထုတ်ထားခဲ့တာပဲ'

ဟု ရှင်းပြလေ၏။

ကျင်ဝက-

'ဆရာတို့က ဘိုးဘိုးဆရာရဲ့ စည်းကမ်းကို လိုက်နာ ခဲ့ကြတာပေါ့နော်'

ဝါပေ ခေါင်းညိတ်၏။

'ဟုတ်တယ်၊ အားလုံးဟာ ဆရာ့စကားကို မြေဝယ်မကျ နားထောင်ခဲ့ကြရတယ်'

သူ ယခုကဲ့သို့ရှင်းပြနေသည်မှာ အကြောင်းထူး တစ်ခုခုရှိရမည်ဟု ကျင်ဝရိပ်မိလာ၏။

ဝါပေ၏ ရာခြေအနေကို အကဲခတ်နေသည်။

ကျင်ဝ ထင်မှတ်ထားသကဲ့သို့ပင် ဝါပေကရှင်းပြလာ၏။

'ကျင်ဝ ဒီအကြောင်းတွေ မင်းကိုဘာသာကြောင့် ပြောပြနေရတယ်ဆိုတာမင်းသိသလား'

ကျင်ဝ ခေါင်းခါ၏။

'ကျွန်တော်မသိပါဘူးဗျာ'

'ကောင်းပြီ၊ မင်းရဲ့ဆရာဘိုးဘိုးဟာငါနဲ့လိုက်ဖက်ညီမယ်လို့ ယူဆပြီးသင်ပေးခဲ့တဲ့ ကိုယ်ဖော့ပညာကိုပဲ ငါက ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရဲ့လား၊ ဆရာ ဘိုးဘိုး မျှော်လင့်တဲ့အတိုင်းဖြစ်ခဲ့ရဲ့လား မင်း....ဘယ်လို့ထင်သလဲ'

ကျင်ဝက-

'ဆရာဟာ ဆရာဘိုးဘိုး မျှော်လင့်သလို ဆုံးခန်းတိုင်အောင်တတ်မြောက်ခဲ့တဲ့အပြင် ထွန်းပေါက် အောင်မြင်ခဲ့တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်ဆရာ'

ဝါပေက ရယ်မောသည်။

'မင်းက ငါ့ကို မြှောက်ပြောနေတာလား'



'ဟာ -မဟုတ်ပါဘူးဆရာ ကျွန်တော် အအယ်ပြောတာပါ ကိုယ်ဖော့ပညာနဲ့ပတ်သက်လာရင်သိုင်းလောကမှာ ဆရာကို မှီတဲ့သူ မရှိဘူးဆိုတာ ကျွန်တော် ကောင်းကောင်းကြီးနားလည်သဘောပေါက်ထားပါတယ်'

ဝါပေ ကျေနပ်သွား၏။

'အင်း....ကိုယ်ဖော့ပညာနဲ့ပတ်သက်လာရင် သိုင်းလောကတစ်ခုလုံးမှာ ငါက ဘယ်သူ့ကိုမှ မမှုဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့်'

သူမစကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်သည်။

ကျင်ဝ၏ စိတ်ထဲမရိုးမရွဖြစ်လာသည်။

ဝါပေ၏ သဘောထားကို ရိပ်စားမိသလို ရှိလာခြင်းကြောင့် ဖြစ်လေ၏။

ဝါပေသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီး....

'ဆရာ ကွယ်လွန်သွားတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ရှိပါပြီ၊ ဆရာသင်ပေးခဲ့တဲ့ ကိုယ်ဖော့ပညာကိုလဲ ငါကကျွမ်းကျင်နေပါပြီ၊ ဒီလိုပဲ ငါ့ရဲ့ သိုင်းပညာသင်ဘက် ဂိုဏ်းတူ ညီအစ်ကို မောင်နှမတွေလဲ ကိုယ်ရခဲ့တဲ့ ပညာရပ် အသီးသီးကို

ကျမ်းကျင် လိမ္မာနေကြပါပြီ၊ ခုလို အချိန်အခါမျိုးမှာ တစ်ယောက်ရဲ့ ပညာကို ကျန် တစ်ယောက်က လေ့လာဖူးစမ်းကြည့်မယ်ဆိုရင်ရော မဖြစ်နိုင်ဘူးလား

ဟု ပြော၏။

ကျင်ဝ ခေါင်းညိတ်လိုက်သည်။

'ဆရာပြောတာ မှန်ပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပညာဖလှယ်ကြည့်ကြမယ်ဆိုရင် ဆထက်တမ်းပိုး တိုးဘက်ကြမှာ သေချာပါတယ်၊ ဒါပေမယ့်....'

'ဘာလဲ ဆရာတို့တိုးက မလေ့လာရဘူးလို့ စည်းကမ်းထုတ်ပြန်ခဲ့တာကို ပြောချင်လို့လား'

'ဟုတ်ပါတယ်ဆရာ'

'ဆရာ ထုတ်ပြန်ခဲ့တာ ပညာရပ်တစ်ခုထဲကို စူးစိုက်လေ့လာမှုမရှိဘဲ အာရုံ ပျော့ပြားနေမှာ စိုးရိမ်တာကြောင့် ဖြစ်တယ်လေ့ ငါယူဆတယ်၊ ခုဆိုရင် ကိုယ့်ပညာနဲ့ကိုယ်ကျမ်းကျင်နေကြပြီ၊ စိုးရိမ်စရာမရှိတော့ဘူး၊ ဒီအချိန်မှာ ပညာချင်းဖလှယ်ကြည့်လို့ မဖြစ်နိုင်တော့ဘူးလား'

ကျင်ဝ သဘောတူလိုက်သည်၊



'ဆရာပြောတာ အကောင်းဆုံး နည်းလမ်းပါ၊ ပညာချင်းဖလှယ်ရင်း သိုင်းပညာ ပိုပြီး တိုးတက်မှာ အသေအချာပါပဲ'

ဝါပေက

'ငါဟာ သိုင်းပညာနဲ့ ပတ်သက်လာရင် အတော်လောဘကြီးခဲ့တယ်၊ ငါ့ဘဝတစ်ခုလုံးကို သိုင်းပညာတွေ ကြားမှာပဲ မြုပ်နှံထားခဲ့တယ်၊ ရှင်းရှင်းပြောရရင် ကိုယ်ဖေ့ပညာနဲ့ ပတ်သက်လို့ ပြိုင်ဖက်ကင်းခဲ့ပေမယ့် ဆရာ့ရဲ့ တခြားပညာရပ်ခြောက်မျိုးအကြောင်း မသိနိုင်ခဲ့တာ မချင့်မရဲဖြစ်ရတယ်'

ကျင်ဝက

'ဆရာ့ရဲ့ ဂိုဏ်းတူညီအစ်ကို မောင်နှမတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ပညာချင်း ဖလှယ်ကြည့်ပါလား'

တစ်ဦးနှင့်တစ်ဦးပညာလျှို့ထား ရမည့်အချိန်မဟုတ်တော့ဟု ယုံကြည်မိပြီး ပြောလိုက်၏။

ဝါပေ၏ မျက်နှာ တည်သွားသည်။

သူမ၏ မျက်လုံးတို့တွင် အေးစက်တင်းမာမှု အရိပ်များ အထင်းသား ပေါ်လွင်လာသည်။

'ငါ့တပည့်ဖြစ်တဲ့ မင်းတောင်မှ နားလည်သဘောပေါက်မှုရှိသေးတယ်၊ ငါ့ရဲ့ ပညာ သင်ဘက်တွေကတော့....'

သူမ စကားတစ်ပိုင်းတစ်စ ရပ်ထား၏။

ကျော်ဝက

'သူတို့တွေက သဘောမတူကြဘူးလား ဆရာ'

ဟု မဝံ့မရဲ မေး၏၊

ဝါပေ မဲ့ပြုံး ပြုံး၍ တစ်ချက် ရယ်လိုက်သည်၊

'ဟုတ်တယ်၊ လွန်ခဲ့တနှစ်က ဆရာရဲ့ နှစ်ပတ်လည် နေ့မှာ ဆုံမိကြတော့ ငါက စကားစကြည့်တယ်၊ ဘယ်သူမှလက်မခံကြဘူး၊အစ်ကိုကြီးဖြစ်တဲ့ကျိုရွှမ်ကဆိုရင် ငါဟာ ဆရာ့စကားနားမထောင်တဲ့ တပည့်မိုက် တစ်ယောက်အဖြစ် အပြစ်တင် ဝေဖန်ခဲ့တယ်၊ အများရှေ့မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတယ်'

သူမ၏ လေသံတွင် ခံပြင်းနာကျည်းသည့် အမ်ပ်အဆောင်များ ပါဝင်လာသည်။

ကျော်ဝကို စိုက်ကြည့်လိုက်ပြီး....



'မင်းကို မွေးစားခဲ့တာ၊ ပညာကုန် သင်ပေးခဲ့တာ တစ်နေ့ကျရင် မင်းဟာ ငါ့အတွက် အကျိုးပြုမယ့်လူ ဖြစ်လာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ၊ ခုတော့ အချိန်အခါကျလာပြီ'

ဟု ပြောသည်။

ကျော်ဝသည် ဆရာဖြစ်သူအား စိုးရွံ့သွား၏၊

ဝါပေသည် အကြံအစည်ကြီးမားသူ ဖြစ်၏။

သူ့အား မွေးစားခဲ့သည်မှာ ကြိုတင် ရည်ရွယ်ချက် ရှိနေခြင်းဖြစ်ကြောင်း သိလိုက်ရပြီ မဟုတ်ပါလား၊

ဝါပေကဆက်ပြောသည်။

'ငါ့ရည်ရွယ်ချက်နဲ့ ဆန္ဒ ပြည့်ဝအောင် မင်းဆောင်ရွက်ပေးရလိမ့်မယ်'

ကျော်ဝသည် ဆရာ့စကားကို မလွန်ဆန်ဝံ့သည့်သဘောဖြင့် 'စိတ်ချပါ ဆရာ၊ ဆရာ ဘာပဲခိုင်းခိုင်း အရိုးကြေကြေ အရေခမ်းခမ်း ကျွန်တော် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားပါ့မယ်၊ ဆရာရဲ့ ရည်ရွယ်ချက်ကိုသာ သိပါရစေ'

ဟု ရင်ကော့၍ ဖြေလိုက်သည်၊

ဝါပေ ကျေနပ်သွားသည်၊

'မင်းကို ငါ တပည့်မွေးရကျိုး နပ်ပါပေတယ်ကွယ်၊ ငါ ဟာ ဆရာတီထွင်ခဲ့တဲ့ ကျန်တဲ့ ပညာရပ်ခြောက်မျိုးကို လေ့ လာနိုင်ဖို့ မဖြစ်မနေ ကြိုးစားမယ်လို့ ရည်ရွယ်ထားတယ်'

ထိုစကားကြားလျှင် ကျင်ဝ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါ သွား၏။

ဝါပေ၏ အကြံသည် ကြောက်မက်ဖွယ် ကောင်းသော အကြံအစည်တစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

ပညာသင်ဘက် သချင်းချင်း ပြဿနာ ဖြစ်လာနိုင်သည့် သဘောရှိနေ၏။

ဝါပေသည် ဆုံးဖြတ်ထားပြီး ဖြစ်ပုံရ၏။

သူမ၏ ဆန္ဒပြည့်ဝဖို့အတွက် မိမိအား အသုံးချလိမ့်မည်ဟု နားလည်၏။

ဤတွင် သူ၏ ရင်ထဲ၌ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်လာ၏။

ဝါပေက

'ဟောဒီမှာ ကြည့်ပါ'



သူမ၏ အင်္ကျီရင်ဘတ်ကြားမှ အနီရောင် စာအုပ်ပါးလေး တစ်အုပ် ထုတ်ယူကာ ပြသည်။

ထိုစာအုပ်လေးသည် ဆရာကြီးစန်ကျန်က ဝါပေအတွက် ရည်ရွယ်ပြီး တီထွင်ခဲ့သော ကိုယ်ဖော့ပညာရပ်တို့ ရေးသား မှတ်တမ်းတင်ထားသည့် ကိုယ်ဖော့သိုင်းကျမ်း စာအုပ်လေး ဖြစ်ပါတော့သည်။

ဝါပေက

'ငါ့အတွက်က ကိုယ်ဖော့သိုင်းကျမ်းကို ဆရာက စီရင်ပေးခဲ့ သလိုပဲ၊ အမှတ်တစ် အစ်ကိုကြီး ကျိရှမ်အတွက် ဓားသိုင်း ကျမ်း၊ အမှတ်နှစ် အစ်ကိုကြီး ချူရောင် အတွက် လက်ဝါး သိုင်းကျမ်း စတဲ့ သိုင်းကျမ်းတွေကို စီရင်ပေးခဲ့တယ်၊ ငါ့ ကိုယ် ဖော့ကျမ်းကို မင်းရော ငါရော ကုန်စင်အောင် တတ်မြောက် ထားပြီးပြီဆိုတော့ မလိုအပ်တော့ဘူး'

စကားဆုံးလျှင် အနီရောင် စာအုပ်လေးအား လက်ဝါး နှစ်ဖက်ဖြင့် ညှပ်ကာ ရိုက်ချလိုက်၏။

'ဘုတ်'

ခပ်အုပ်အုပ် အသံထွက်ပေါ်လာ၍ သိုင်းကျမ်းမှာ အစိတ်စိတ် အမွှာမွှာ ဖြစ်သွား၏။

စက္ကူ အပိုင်းအစလေးများသည် လေဝှေ့ယမ်းတိုက်ခတ်လာသောအခါ ထိပ်ပြာကလေးများကဲ့သို့ အဝေးသို့ လွင့်ပျံသွားလေသည်။

ကျင်ဝက ငေးမောကြည့်၏။

ဝါပေက

'ဆရာတီထွင်ထားတဲ့ ကိုယ်ဖော့ပညာကို မင်းနဲ့ ငါက လွဲပြီး တခြား ဘယ်သူမှ မတတ်နိုင်တော့ဘူး၊ ဒါပေမယ့်....'

သူမသည် ကျင်ဝအား အဓိပ္ပာယ်ပါပါ ကြည့်ပြီး—

'တခြားလူတွေရဲ့ သိုင်းပညာတွေကိုတော့ တို့ဘာကြောင့် မလေ့လာနိုင်ရမှာလဲ၊ ငါပြောတာ မှန်ရဲ့လား'

ဟု မေးသည်။
ကျင်ဝ ခေါင်းညိတ်၏။
'မှန်ပါတယ် ဆရာ'



ဝါပေက

'သူတို့ရဲ့ သိုင်းကျမ်းခြောက်ခုကို တို့ရအောင် ယူကြမယ်'

ဟု အားတက်သရော ပြောလာသည်။

ကျင်ဝ ငြိမ်နေလိုက်၏။

သူ၏မျက်လုံးတို့သည် စန်ကျန်၏ အထိမ်းအမှတ်ကျောက်တိုင်ကို ငေးကြည့်နေ၏။

ဝါပေသည် ကျင်ဝကို တစ်လှည့် ကျောက်ခဲတိုင်ကို တစ်လှည့် ကြည့်သည်။

ပြီးလျှင် သဘောကျစွာ ပြုံးလိုက်ပြီး....

'ဆရာက စည်းကမ်းထားခဲ့တာ မှန်တယ်၊ ဒီစည်းကမ်းတာ မင်းနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူး၊ ဒါကြောင့် တခြားလူတွေရဲ့ သိုင်းကျမ်းကို ရယူနိုင်တာပေါ့ကွယ်၊ ကဲ ငါနဲ့ လိုက်ခဲ့၊ မင်း ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ ပြောပြမယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

ကျင်ဝ သက်ပြင်းချသည်။

အကြံကြီးလှသော ဆရာဖြစ်သူနောက်သို့ ခနွေးကွေးလေး လုံသည့် ခြေလှမ်းများဖြင့် လိုက်ပါသွားရလေသည်။

အထယ်၍...

တစ်ချိန်တွင် အသုံးချရန် ကျေးဇမ္ဗူးစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်ကို သိရသဖြင့် ကျင်ဝဏ်ရင်ထဲ၌ ထူးခြ ားသောခံစား ချက်များ ဖြစ်ပေါ်နေသည်ကိုသာ ဝါပေသိနိုင်မည်ဆိုလျှင်။

Z Z Z

## နှစ်ပတ်လည်နေ့၏ လက်ဆောင်

ဆယ်လပိုင်း သုံးရက်နေ့၊

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က ဆယ်လပိုင်း သုံး ရက်နေ့တွင် အဓိပတိ သိုင်းဆရာကြီး စန်ကျန် ကွယ်လွန်သွား ပေသည်။

ထို့ကြောင့်...

စန်ကျန်၏ တပည့်ခုနစ်ဦးသည် နှစ်စဉ်ဆယ်လပိုင်းသုံးရက် နေ့သို့ ရောက်တိုင်း ဝှဟိုင်တောင်ပေါ်သို့ စုရုံးရောက်ရှိလာ၍ ဆရာဖြစ်သူ၏ အုတ်ဂူတွင် ပူဇော်ကန်တော့လေ့ရှိသည်။

သူ၏ ရုပ်ကလာပ်အား ဝူတန် တောင်ပေါ်၌ ဂူသွင်း၍ သင်္ဂြိုဟ်ထားသည် မဟုတ်ပါလား။

ထိုတောင်သည် မြင့်မားပြီး သာယာလှပသော တောင်တစ်လုံးဖြစ်၏။

စန်ကျွန်သည် ထိုတောင်၌ နှစ်ပေါင်းများစွာ နေထိုင်၍ သိုင်းပညာ လေ့ကျင့်ခဲ့သည်။

ထို့ကြောင့် သူနှင့် ဝူတန်တောင်သည် ခွဲခြားမရပေ။

သူကွယ်လွန်သွားသောအခါ သူ၏ ဆန္ဒအရ တပည့်တို့က တောင်ပေါ်မှာပင် ဂူသွင်းသင်္ဂြိုဟ်ကြခြင်းဖြစ်သည်။

ယခုနှစ်တွင်လည်း..

ဆယ်လပိုင်း သုံးရက်နေ့သို့ ရောက်ရှိလာသောအခါ ဒေသ တစ်ကွဲတစ်ပြား ဖြစ်နေသည့် တပည့်များသည် ဝူတန်တောင်ပေါ် စုံစုံညီညီ စုရုံး ရောက်ရှိလာခဲ့ကြသည်။

x x x



ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သမ်းနေ၏။

ထိမ်ဖြူ အချို့သည် လေနှင့်အတူ လွင့်မျောနေသည်။

ခွန်တစ်အုပ်က အသံစာစာ ပေးကာ ပျံသန်း သွားကြသည်။

နေရောင်ခြည် အောက်တွင် ဝူတိုင်တောင်မှာ စိမ်းလန်းစိုပြည်၍ သာယာလှပနေသည်။

နံနက်ခင်းအချိန်မှာပင် တောင်ခြေသို့ အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး ရောက်ရှိလာသည်။

ထိုအဘိုးအိုသည် ဥပဓိရုပ် အလွန်ကောင်းပြီး စာပေပညာ ရှင်နှင့် တူလှသူဖြစ်၏။

သူသည် တောင်ခြေရောက်လျှင် သက်ပြင်းမောတစ်ချက် ချလိုက်ပြီး....

'အချိန်ကုန် မြန်လှတယ်၊ တစ်နှစ်တစ်နှစ်ဆိုတာ ခဏလေးလို တောင်ထင်မှတ်ရပါလား'

ဟု ရေရွတ်သည်။

ထို့နောက်

တောင်ပေါ်သို့ ခြေလှမ်းကျဲကျဲဖြင့် တက်သွားသည်။

တောင်ပေါ်တက်ရာ လမ်းတစ်လျှောက်တွင် စိမ်းလန်းသော သစ်ပင်များ၊ ရောင်စုံ တောပန်းများ၊ ချုံနွယ်များ ဖုံးလွှမ်းလျက်ရှိသည်။

လမ်းကလေးမှာ ချုံနွယ်တို့ဖြင့် ကြီးစိုးထား၏။

အဘိုးအိုသည် ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ပြီး–

'မနှစ်ကပဲ တောင်ပေါ်တက်ဖို့ လမ်းထွင်ခဲ့သေးတယ်၊ ဒီနှစ် ချုံပုတ်တွေ ဖုံးနေပြန်ပြီ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက် ခါး၌ချိတ်ထားသော ဓားကို ဆွဲထုတ်၍ပိတ်ဆို့နေသော ချုံနွယ်များကို ခုတ်ထွင် ရှင်းလင်းပစ်သည်။

သူ၏ လှုပ်ရှားမှုမှာ ပေါ့ပါးသွက်လက်လှသည်။

သို့သော်



အားစိုက်၍ လုပ်ကိုင်နေပုံမျိုးမရှိဘဲ သက်တောင့် သက်သာ လှုပ်ရှားနေပုံ မျိုး ဖြစ်သည်။

မည်သို့ဆိုစေ

အဘိုးအို ဖြတ်သန်းသွားသည့် လမ်းတစ်လျှောက်တွင် ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ကိုင်းများ ရှင်းလင်းသွားပြီး ညီညာပြေပြစ်သည့် လမ်းကလေးတစ်ခု ဖြစ်ပေါ်ကျန်ရစ်လေဓတဘူ ည်။

အစိမ်းရောင်ဝတ်ဆင်ထားသူ တောင်ပေါ်သို့တက်သွားပြီး မရှေးမနှောင်းမှာပင် ငှတန်တောင်ခြေသို့လူနှစ်ဦးရောက်ရှိလာကြသည်။

ထိုလူနှစ်ဦးအနက် တစ်ဦးမှာ ရောင့်စုံပိုးအင်္ကျီ ဝတ်ထားသည့် အမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ ထွားကျိုင်းသန်မာလှသည့် လူသန်ကြီးတစ်ဦးဖြစ်သည်။

သူတို့သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြပြီး တောင်ပေါ်တက်သည့်လမ်းတလျှောက် သစ်ပင်ချုံနွယ်များ ရှင်းရှင်းလင်းလင်းဖြစ်၍ လမ်းထွင်ထားသည်ကို တွေ့ရလျှင် တစ်ဦးကိုတစ်ဦး ကြည့်ကာ သဘောကျစွာပြုံးလိုက်ကြသည်။

ရောင်စုံပိုးအင်္ကျီဝတ်ထားသည့် အမျိုးသမီးကြီးက—

'အစ်ကိုကြီး ကျိရှမ်တော့ တောင်ပေါ်တက်သွားပြီထင်တယ်'

ဟု ပြောလေသည်။

မှန်ပေသည်။

သူတို့ထက် အလျင်ဦးစွာရောက်ပြီး တောင်ပေါ်သို့တက်သွားသည့် အစိမ်းရောင်ဝတ်အဘိုးအိုမှာ အဓိပတ်သိုင်းဆရာကြီး စန်ကျန်၏တပည့် အကြီးဆုံး ကျိရှမ် ဖြစ်သည်။

ကျိရှမ်သည် စန်ကျန်ထံမှ ဓားပညာ အမွေရခဲ့ပြီး သိုင်းလောက၌ ပြိုင်ဘက်ကင်းသည့် ဓားသမားတစ်ဦးအဖြစ် တည်ရှိခဲ့၏။



ရောင်စုံပိုးအင်္ကျီဝတ်ထားသည့် အမျိုးသမီးမှာ စန်ကျန်၏တပည့် ၇ ဦးအနက် အမှတ်စဉ် ၃ ရှမ်အင်ဖြစ်သည်။ ရှမ်အင်သည် စန်ကျင်၏ ထူးခြားထက်မြက်သည့် ကြိုးသိုင်းပညာကို အမွေဆက်ခံသူဖြစ်သည်။

သူမနှင့်အတူလာသည့်လူသန်ကြီးမှာ အမှတ်စဉ် ၅ စန်တုံ ဖြစ်၏။

စန်တုံသည် စန်ကျန်၏ အတွင်းအားပညာအမွေရရှိထားသည်။ အမှတ်တစ်အစ်ကိုကြီး ကျိရှမ်ကမူ သူ၏ ထက်မြက်လှသော ဓားမျှားကိုအသုံးပြု၍ တောင်ပေါ်တက်သည့်လမ်းကို ခုတ်ထွင်ရှင်းလင်းသွားသည်ကိုတွေ့ရသည်။ အမှတ် ၃ ရှမ်အင်နှင့် အမှတ် ၅ စန်တုံတို့ ပြိုင်တူပြုံးလိုက်ကြခြင်း ဖြစ်သည်။
ရှမ်အင်က...

'အမှတ်တစ် အစ်ကိုကြီးကတော့ ဆရာတော်ကိုချီးကျူးစရာကောင်းတယ်၊ ညီတွေညီမတွေ မပင်ပန်းရအောင်သိတတ်လှပါတတ်'

ဟု ချီးကျူးပြောဆိုသည်။

စန်တုံက ရယ်လိုက်သည်။

'နောင်နှစ်ကျရင်လဲ အစ်ကိုကြီးထက်နောက်ကျပြီးမှ လာရမယ်၊ ဒါမှ အစ်ကိုကြီးထွင်သွားတဲ့လမ်းအတိုင်း သက်သက်သာသာနဲ့ တောင်ပေါ်ကိုတက်နိုင်မှာ....

ဟု ရယ်စရာပြောလာသည်။

သူ၏စကားကြောင့် ရှမ်အင်လည်းရယ်လိုက်သည်။

ထိုနောက် ရှင်းနေသည့်လမ်းအတိုင်း နှစ်ဦးသားပခုံးချင်းယှဉ်ကာ တောင်ပေါ်သို့ တက်သွားကြသည်။

နှစ်ဦးသား ခပ်သွက်သွက်တက်လာကြပြီး တောင်ထိပ်နှင့် မလှမ်းမကမ်းသို့ရောက်လျှင် စန်တုံက ခြေလှမ်း ရပ်လိုက်၏။

'နေဦး'

ဟုလည်း ရှမ်အင်ကို ဟန့်တားလိုက်သည်။

ရှမ်အင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘာဖြစ်လို့လဲရှင်'

စန်တုံ ထလမ်းဘေးတစ်နေရာမှကြီးမားလှသည့်ကျောက်တုံးတစ်တုံးကိုညွှန်ပြလိုက်သည်။



'တိုကျောက်တုံးကို ကြည့်လိုက်စမ်းပါ....

ရှမ်အင်က လှမ်းကြည့်သည်။

ကျောက်တုံးကြီးသည်လမ်းဘေး၌ရှိခဲ့သည်မှာနှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန်ရှိပြီး ရေညှိတို့ပင်တက်နေသည်ကို တွေ့ရသည်။

ရှမ်အင်က—

'ဒီကျောက်တုံးကြီးက ဘာဖြစ်လို့လဲ၊ ဝူတန်တောင်ကို လာတိုင်း တွေ့နေကျပဲမဟုတ်လား'

စန်တုံက—

'ဒီကျောက်တုံးကတော့ဘာမှမဖြစ်ဘူး၊ကျုပ်ကဖြစ်တာ

ရှမ်အင် မျက်မှောင်ကုပ်သွားသည်။

'ရှင်ပြောတာ ကျွန်မ နားမလည်နိုင်တော့ဘူး—

'ဟား ဟား ဟား—

စန်တုံက ရယ်လိုက်သည်။

'မနှစ်က ဆရာကိုကန်တော့ဖို့ ကျုပ်တို့သာတုန်းက အမှတ်နှစ် အစ်ကိုက ကျုပ်ကို ပညာပြသွားတာမှတ်မိသလား....

ရှမ်အင်လည်း ရယ်လိုက်သည်။

'ဩြော်–ဒိုက်ကိစ္စကိုး'

'ဟုတ်တယ်၊ ဒီနှစ်တော့ ကျုပ်က ပြန်ပြီး ပညာပြမယ်လို့ စိတ်ကူးထားတယ်–

'ကဲ..တယ်လိုပညာပြမယ်ဆိုတာ ပြောပါဦးရှင်–

စန်တုံက–

'အင်း–မနှစ်ကလဲ ကျုပ်က ကျောက်တုံးကြီးတွေကို အသုံးပြုခဲ့တယ်....

ရှမ်အင်သည် မနှစ်က ယခုလိုအချိန်၌ဝူတာန်တောင်ပေါ်သို့ လာရောက်ပြီး ဆရာဖြစ်သူ၏အုတ်ဂူကိုဂါရဝပြုကြချင်း ဖြစ်ခဲ့သော ရယ်စရာကိစ္စတစ်ခုကို မမေ့နိုင်အောင်ရှိနေပါသည်။



ထိုစဉ်က....

ဝူတာန်တောင် တစ်နေရာ၌ တောမီးလောင်သည့် အခါ တိရစ္ဆာန်တို့သည် မီးလွတ်ရာပြေးရင်း ဆရာကြီး စန်ကျန်၏ အုတ်ဂူရှိရာ တောင်ကုန်းပေါ်သို့ ရောက်ရှိလာသည်။

တိရစ္ဆာန်ငယ်အလေးတို့က အကြောင်းကိစ္စ မရှိသော်လည်း ကျား၊ ဝက်ဝံစသည့် တိရစ္ဆာန်များကား စန်ကျန်၏ အုတ်ဂူအနီး၌ စိုက်ပျိုးထားသည့် ပန်းခင်းကို ဖျက်ဆီးခြင်း၊ ကျောက်ကြီးကျောက်ငယ်စွန့်ခြင်းများ ပြုလုပ်ကြသည်။

ထိုအချင်းအရာကြောင့် ရှမ်အင်တို့ တောင်ပေါ်သို့ ရောက်လာသည့်အခါ တိရစ္ဆာန် တစ်ကောင်မကျန်အောင် မောင်းထုတ်ပစ်ခဲ့ကြရသည်။

ဖျက်ဆီးသွားသည့်ပန်းခင်းကို ပြန်လည်ပြုပြင်စိုက်ပျိုးပြီး သန့်ရှင်းရေးအောင်ရှက်ကြရသည်။

ထိုအပြင်–

နောက်တစ်ကြိမ် နှောင့်ယှက်မခံရအောင် စန်ကျန်၏အုတ်ဂူအား ခြံသွမျှ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်ရအောင် မည်သို့ပြုလုပ်ကြမည်နည်းဟု တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

တစ်ယောက်တစ်မျိုးအကြံပေးကြသည်။

နောက်ဆုံးတွင်ခွန်အားအသန်ဆုံးအတွားသားအကောင်းဆုံးဖြစ်သော စန်တုကက တောင်ခြေမှကျောက်တုံးကြီးများကို သယ်ဆောင်ယူပြီး အုတ်ဂူပတ်လည်၌အုတ်တံတိုင်းသဖွယ် စာရံထားလေသည်။

အားလုံးက စန်တု၏ အကြံကို သဘောကျ သွားကြပြီး ချီးကျူးထောပနာပြုခဲ့ကြလေသည်။

အမှတ်နှစ်အစ်ကိုကြီးဖြစ်သော ချူရောင်က

'ငါညီ စန်တုကို ဂုဏ်ပြုတဲ့အနေနဲ့ ငါညီ ယူလာတဲ့ ကျောက်တုံးပေါ်မှာ အမှတ်တံဆိပ်ခပ်နှိပ်ပေးမယ်'

ဟု ပြောကာ အုတ်တံတိုင်းသဖွယ် ကာရံ ထားသော ကျောက်တုံးကြီးများအား တစ်ပတ်ပြည့်အောင် လှည့်ပတ်ပြေးလွှားလိုက်သည်။

သူ၏ လှုပ်ရှားမှုသည် အလွန်လျင်မြန်ခနပြီး လက်ဝါးရိုက်ထုတ်သံ တစ်ဖတ်ဖတ်မြည်ကာ ထွက်ပေါ်လာ၏။

အားလုံးက အမှတ်နှစ်ကို သတိပြုမိလိုက်ကြချိန်တွင် သူ၏ နေရာသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။



နံရံသဖွယ် ကာထားသော ကျောက်တုံး ကြီးများကို ကြည့်လိုက်သောအခါ ကျောက်တုံးများ ပေါ်တွင်နက်ရှိုင်းလှသော လက်ဝါးရာတံဆိပ် ခပ်နှိပ်ပြီးသား ဖြစ်နေသည်ကို တွေ့ရလေသည်။

'ကောင်းလိုက်တဲ့လက်ဝါး'

'ဒီလိုအမှတ်တံဆိပ်မျိုးကို အမှတ်နှစ်အစ်ကိုကလွဲပြီး ဘယ်သူက လုပ်နိုင်မှာတဲ့လဲ'

တစ်ယောက်တစ်ပေါက် ချီးကျူးပြောဆိုကြသည်။

အကြီးဆုံးဖြစ်သော အမှတ်တစ်အစ်ကိုကြီး ကျိုရှမ်က....

'စန်တု၊ ချူရောင်ရဲ့လုပ်ရပ်ကို မင်းကျေနပ်ရဲ့လား'

ဟု မေးလေသည်။

စန်တု ရယ်မောလိုက်သည်။

'ဟဲ့-ဟဲ့....မကျေနပ်စရာအကြောင်းမရှိပါဘူးအစ်ကိုကြီး'

'မင်း....သေချာရဲ့လား'

'သေချာပါတယ်'

'မင်း....တကယ်ပြောတာနော်'

ကျီရွှမ်က သေချာအောင်မေးမြန်းနေသဖြင့် စန်တုံ မျက်မှောင်ကုပ်သွားသည်။

ကျန်လူများလည်း စိတ်ဝင်စားလာကြသည်။

အားလုံးသည် စန်တုံနှင့်ကျီရွှမ်ကို အကဲခတ်ကြည့်နေ၏။

စန်တုံက—

'နေပါဦး၊ အစ်ကိုကြီးက ဘာကြောင့်ဒီလိုမေးနေရတာလဲ အကြောင်းရှိမယ်ထင်ပါတယ်'

ဟု မေးလိုက်လေသည်

ကျီရွှမ်က တည်ကြည်သောမျက်နှာထားဖြင့်....

'ဆရာရဲ့ အုတ်ဂူကို မနှောင့်ယှက်နိုင်အောင်ကျောက်တုံးနံရံကြီးတစ်ခု မင်းကပြုလုပ်ခဲ့တယ်၊ ဒါပေမယ့် ကျောက်တုံးပေါ်မှာတော့ မင်းရဲ့အမှတ်အသားမရှိတဲ့ ချူရောင်ရဲ့အမှတ်အသားလက်ဝါးရာရှိနေတယ်၊ ဒါကိုသာ တစ်စုံတစ်



ယောက်က မြင်သွားရင် ဒီနံရံကြီးကို မင်း အပင်ပန်းခံပြီး လုပ်ခဲ့တယ်လို့ ထင်မှာ မဟုတ်ဘူး၊ ချူရောင်ကြိုးစား ပမ်းစားလုပ်ထားတာပဲလို့ ထင်သွားကြလိမ့်မယ်

ဟု ရှင်းပြလေသည်။

စန်တုံ မျက်လုံးပြူးသွားလေသည်။

'ဟင်....ဒါဆို ချူရောင်က အချောင်ဝင်ပြီး နာမည်ကောင်းယူတာပေါ့'

သူက ချူရောင်အားလှမ်းကြည့်သည်။

ချူရောင်မျက်နှာစပ်ဖြဲဖြဲဖြစ်နေသည်။

'ဟီး....ဟီး'

စန်တုံအားပခုံးတွန့်ပြလိုက်ပြီး တဟီးဟီး ရယ်မော၏။

စန်တုံ မကျေမနပ်ဖြစ်သွားသည်။

မြေပေါ်ခြေဆောင့်လိုက်ပြီး....

'အမှတ်နှစ်အစ်ကိုလတ်မကောင်းဘူး'

ဟု ကလေးဆိုးကြီး တစ်ယောက်ပမာ ပြောလေ၏။

ချူရောင်၏ အပြုအမူကြောင့်လည်းကောင်း၊ စန်းတုံ၏ အပြုအမူကြောင့်လည်းကောင်း ကျန်လူများ မနေနိုင်တော့ဘဲ ရယ်မောကြလေသည်။

'ခစ်..ခစ်....ခစ်'

'ဟား....ဟား....ဟား'

ကျိုရှမ်က ပြုံးရင်း..

'ညီလေးစန်းတုံ ချူရောင်ရဲ့လုပ်ရပ်ကိုမင်းကျေနပ်ရဲ့လား'

ဟု မေးလေသည်။

စန်းတုံထ နှုတ်ခမ်းစူလိုက်သည်။

'မကျေနပ်ဘူးတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့်အဖွတ်နှစ်အစ်ကိုက သည်လိုလူလည်ကျတာတော့ ဘယ်ကောင်းပါ့မလဲ'

ထွားကြိုင်းသန်မာသည့် လူသန်ကြီးတစ်ယောက်ဖြစ်သည့်တိုင် သူ၏ အပြုအမူမှာ ကလေးဆန်နေသည့်အတွက် အားလုံးက ရယ်မောလိုက်ကြပြန်လေသည်။



ချူရောင်ကပျာကယာလက်ကာပြလိုက်သည်။

'ညီလေးရယ် ကျုပ်ကချစ်လို့ အမင်စတာပါ၊ ကဲ....ကဲ ကျောက်တုံးတွေပေါ်မှာထင်နေတဲ့ လက်ဝါးရာ တွေကို သေသေချာချာကြည့်လိုက်စမ်းပါဦး'

ထိုစကားကြောင့် အကြောင်းရှိရမည်ဟု အားလုံးနားလည်ထားကြလေသည်။

ကျောက်တုံးပေါ်တွင်ထင်နေသော လက်ဝါးရာများကိုသေချာကြည့်လိုက်ကြ၏။

ထိုအခါမှ..

ကျောက်တုံးပေါ်တွင် နက်ရှိုင်းစွာ ထင်ဟပ်နေသည့် လက်ဝါးရာများ၏အလယ်တည့်တည့်တွင်—

'ငါး'

ဟူသော စာလုံးတစ်လုံးရှိနေသည်ကိုတွေ့ရ၏၊

ချူရောင်က....

'ကျောက်တုံးနံရံပေါ်မှာအမှတ်ငါး ညီလေးစီမံပြုလုပ်ထားတယ်ဆိုတာကို ကျုပ်အမှတ်အသားလုပ်ပြီး ဖော်ပြပေးထားတာပဲမဟုတ်လား'

ဟု ရှင်းပြလေသည်။

ချူရောင်၏ နက်ရှိုင်းလှသောလက်ဝါးသိုင်း ပညာကို အားလုံးမချီးကျူးဘဲမနေနိုင်ကြပါတော့ချေ။

ယခုမှ စန်တုံး ပြုံးရွှင်လာပြီး....

'အစ်ကိုကြီး မကောင်းဘူး'

ဟု အော်ပြောလေသည်။

ရှမ်အင်သည် မနှစ်ကအဖြစ်ကိုတွေးရင်း ပြုံးမိသည်။

စန်တုံကိုကြည့်ကာ....

'တော်ကြာ ရှင်အသုံးပြုတဲ့ကျောက်တုံးပေါ်မှာအမှတ်နှစ်အစ်ကိုက လက်ဝါးတံဆိပ်ခတ်နှိပ်နေဦးမယ်နော်'

ဟု ပြောလိုက်သည်။



စန်တုံကရယ်လိုက်သည်။

'ဒီတစ်ခါတော့ အဲဒီလို သူလုပ်မှာမဟုတ်ဘူး....

ရှမ်အင်က—

'ကဲပါ၊ ရှင်ဘယ်လိုလုပ်မယ်ဆိုတာပြောပါဦး—

စန်တုံက

'ကျုပ် ဝူတန်တောင်ကိုလာရင်း လမ်းမှာ အမှတ်နှစ်အစ်ကို ချူရောင်နဲ့ အမှတ်လေးအစ်ကို မုရုံတို့ အရက်သောက်နေတာကိုတွေ့ခဲ့တယ်၊ သူတို့မသိအောင် တိတ်တိတ်ကလေးရှောင်ထွက်လာတာ—

'ဪ—အမှတ်နှစ်အစ်ကို ချူရောင်နဲ့ အမှတ်လေးအစ်ကို မုရုံတို့ကို တွေ့ခဲ့တာကိုး....

'ဟုတ်တယ်၊ သူတို့ အရက်ဆိုင်ထဲမှာရှိနေတုန်း ဆိုင်ဘေးကနေ တိတ်တိတ်ကလေး ရှောင်ထွက်လာတာ—

ရှမ်အင်ကရယ်လိုက်သည်။

'အင်း....တိတ်တိတ်ကလေး ရှောင်လာတာ အကောင်းဆုံးပဲ၊ အမှတ်လေး မုရှိန်နဲ့ တွေ့ရင် မလွယ်ဘူး၊ သူက အရက်သောက်မိပြီဆိုရင် ထိုင်ရာကမထတော့ဘူး၊ ယမင်းမေ့ဟင်းမေ့ပဲ–

'စကားကိုလဲ ဖောင်ဖွဲ့အောင် ပြောတော့တာပဲ၊ သူနဲ့ အရက်တွဲသောက်မိတဲ့လူ သူ့လိုပဲ ထိုင်ရာကမထနိုင်အောင် ဆွဲထားတော့တာပဲ–

'ဟင်း ဟင်း၊ အမှတ်နှစ် ချူရောင်တော့ အမှတ်လေး မုရှိန်ရဲ့ လေကြောမိနေပြီထင်တယ်–

စန်တု က....

'ဟုတ်တယ်၊ သူတို့နှစ်ဦးကစောပြီးရောက်လာကြပေမယ့် အရက်ဆိုင်လဲထိုင်မိကြရော့ နောက်ကျမှ ရောက်လာကြတော့မှာ သေချာတယ်....

ရှမ်အင်က–

'သည်တော့ ရှင်က ဘာလုပ်မလဲ..

'ကျုပ်အ....'



စန်တု သည် ကျောက်တုံးဆီသို့ ခပ်မြန်မြန် လှမ်းသွားလိုက်လေသည်။

ရှမ်အင်က အကဲခတ်ကြည့်နေပါသည်။

စန်တု သည် ကျောက်တုံးကြီးအနီးသို့ ရောက်လျှင် ခြေနှစ်ဖက်ကို မြေပေါ်ချကာရပ်၍ လက်ဝါးနှစ်ဖက်ဖြင့် အတွင်းအားစုစည်းလိုက်ပြီး

'ယား'

ဟုသံပေးကာ ကျောက်တုံးကြီးအား တွန်းထုတ်၏။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

မြေကြီးထဲ နှစ်ပေါင်း များစွာ နစ်မြုပ် ဝင်နေသော ကျောက်တုံးကြီးသည် မြေပေါ်ကြွတက်လာပြီး တောလမ်းပေါ် လိမ့်လာလေ၏။

ရှမ်အင် ကပျာကယာ နောက်ဆုတ် ရှောင်လိုက်ရသည်။

'ဝုန်း'

ကျောက်တုံးကြီးသည် တောလမ်းကိုပိတ်သွားပြီး အရှိန်သေ၍ ရပ်သွားသည်။

ယခု စန်းတုံ၏ လုပ်ရပ်ကို ရှမ်အင် သဘောပေါက်မိ၏။

မကြာမီ ချုံရောင်သည် တောင်ပေါ်တက်လာတော့မည်ဖြစ်၏။

ကျောက်တုံးဖြင့် လမ်းပိတ်ထားသည့်အခါ...

ရှမ်အင် သက်ပြင်းချ၏။

'ကျောက်တုံးနဲ့ လမ်းပိတ်ထားတာကိုသာ တွေ့ရင် ရှင့်လက်ရာဆိုတာ သူ ရိပ်မိသွားမှာပဲ'

ဟု ပြော၏။

စန်းတုံ ရယ်လိုက်သည်။

'ကိစ္စမရှိဘူး၊ ကျုပ်က သူ့ကို ကျီစယ်သွားတယ် ဆိုတာ သိရင် ပြီးတာပဲ'

'နေဦး'

ရှမ်အင်က လက်ကာပြ၏။

စန်းတုံက



'ဘာဖြစ်လို့လဲ'

သူမက

'လမ်းပိတ်နေပြီ ကျွန်မတို့ ဘယ်လို ရှေ့ဆက်ကြမလဲ'

ဟု ပြောသည်။

သူ အနည်းငယ် စဉ်းစားပြီး...

'မင်းက ကြိုးသိုင်းကို အသုံးချပြီး ကျော်ပေါ့'

ဟု ပြော၏။

သူမ ပြုံးလိုက်၏။

'ရှင်ရော'

'ကျုပ်လဲ မင်းနဲ့ လိုက်ခဲ့မယ်'

စန်းတုံက ပြောသည်။

သူမ ခေါင်းညိတ်၏။

'ကောင်းပြီ၊ သွားကြတာပေါ့'

စကားဆုံးလျှင် ခါး၌ ချည်နှောင်ထားသော ကြိုးကို ဖြုတ်ယူ၍ ဝေ့ယမ်းသည်။

'ဝှီး ဝှီး ဝှီး'

ခါးစည်းကြိုး ဝေ့ယမ်းသည့် လေအဟုန် ထွက်လာ၏၊

သက်တန့်ရောင်များလည်း ထွက်ပေါ်လာ၏။

ထိုကြိုးသည် အုံ့ဩစရာ ကောင်းအောင် ရှည်လျားလာပြီးလျှင် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်း တစ်ခုကို ရစ်ပတ်လေသည်။

သူမ၏ လက်တစ်ဖက်က ကြိုးကို ဆွဲ၍ ကျန်တစ်ဖက်က လူသန်ကြီး စန်းတုံအား ဆောင့်ဆွဲလိုက်ပြီး ရိပ်ခနဲ ခုန်ထွက်သွား၏။

တစ်ခဏအတွင်းမှာပင် နှစ်ဦးသား ကျောက်တုံးကိုဖြတ်ကျော်၍ တစ်ဖက်သို့ ရောက်ရှိသွားကြသည်။

Z Z Z

## တစ်ယောက်ပြီး တစ်ယောက်

---

စန်းတုံနှင့် ရှမ်အင်တို့ ကျောက်တုံးကြီးကို ကျော်ဖြတ်၍ တောင်ပေါ် တက်သွားကြပြီဖြစ်၏။

မျှားမကြာမီ

လူရိပ်တစ်ခုသည် တောင်တက်လမ်း အတိုင်း တရိပ်ရိပ် ပြေးလာနေသည်ကို တွေ့ရသည်။

ထိုလူမှာ အဖြူရောင် ဝတ်ဆင်ထားသူ တစ်ဦးဖြစ်သည်၊

ခန္ဓာကိုယ် ကျစ်လစ် သန်မာသူဖြစ်သလို မျက်နှာ လေးထောင့်စပ်စပ် မေးရိုးကားကား တိကျပြတ်သားသူ တစ်ဦးဖြစ်ကြောင်း ထင်ရှားနေ၏။

ထိုလူသည် လျင်မြန်စွာဖြင့် တောင်ပေါ်သို့ ပြေးတက်လာပြီး တစ်နေရာ အရောက်တွင်....

'ဟင်'

မမျှော်လင့်ဘဲ တွေ့ရသည့် မြင်ကွင်းကြောင့် ခြေလှမ်းရပ်သွားသည်။

သူ၏ ရှေ့၌ ကျောက်တုံးကြီး တစ်တုံးက ပိတ်ဆို့နေသည် မဟုတ်ပါလား။

သူက ဟိုဟိုသည်သည် အကဲခတ်ကြည့်မိသည်။

ဝန်းကျင်တစ်ခုလုံး လူသူကင်းရှင်းနေ၏။

လမ်းဘေး တစ်ဖက်တစ်ချက်၌ စိမ်းလန်းသော သစ်ပင်ချုံနွယ် ပိတ်ပေါင်းများ ဖုံးလွှမ်းနေ၏။

ကျေးငှက်ကလေးတို့၏ ဘာသာဘာဝ တေးသီကျူးသံများ လွင့်ပျံ့လာ၏။

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်လာသောအခါမှုန်ကြိုင် သင်းပျံ့သော ပန်းရနံ့များလည်း ရှူရှိုက်လိုက်ရ၏။



ပတ်ဝန်းကျင် သဘာဝ အလှအပများသည် ပြောင်းလဲခြင်းမရှိဘဲ ပကတိ ပုံမှန်အတိုင်း တည်ရှိ၏။

ပြောင်းလဲနေသည်မှာ လမ်းပိတ်နေသည့် ကျောက်တုံးကြီး ဖြစ်သည်။

သူသည် ဝဲဘက် တစ်နေရာမှ ဖရိုဖရဲဖြစ်နေသည့် သစ်ပင်ချုံနွယ်များနှင့် မြေတွင်းကြီးကို ကြည့်ပြီး

'လက်စသတ်တော့ ကျောက်တုံးက နေရာရွှေ့ထားတာကိုး'

ဟု ပြောလိုက်၏။

တစ်စုံတစ်ဦးက ကျောက်တုံးအား နေရာရွှေ့၍ လမ်းပိတ်ထားခြင်း ဖြစ်ကြောင်း သိပြီး ထိုသို့ ပြုလုပ် နိုင်သူမှာ မည်သူဖြစ်သည်ကို သဘောပေါက်၏။

သူက ရယ်မောမိသည်။

'ဒါ အမှတ်ငါး စန်းတုံ့ရဲ့ လက်ချက်ပဲကိုး၊ မနှစ်ကငါ သူ့ကို ပညာပြခဲ့လို့ ယနေ့မှာ သူက ငါ့ကို ပြန်ပြီး ပညာစမ်းသွားတာပဲ'

ဟုလည်း ကျေနပ်စွာ ပြောသည်။

ထိုလူမှာ စန်ကျုန်၏ တပည့် ခုနစ်ဦးအနက်မှ အမှတ်စဉ် နှစ် ချူရောင်ဖြစ်၏။

သူသည် ကျောက်တုံးကို ကြည့်ပြီး လက်ဝါး နှစ်ဖက် အတွင်းအား စုစည်း၏။

ထို့နောက်
'ယား'
ဟြသံပေး၍ ရိုက်ချလိုက်သည်။

'ဟူး ဟူး ဟူး'

ပြင်းထန်သော လေတိုးသံများ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်

'ဝုန်း'

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာ၍ ကျောက် တုံးမှာ အစိတ်စိတ် အမွှာမွှာ ကွဲအက် ကြေမွသွားသည်



ကျောက်တုံး ကျောက်ခဲများ၊ ကျောက်မှုန့် အလေးတို့ သည် အဝေးသို့ လွင့်စဉ်သွားသည်။

လမ်းလေးမှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်။

ချူရောင် သဘောကျစွာ ရယ်မိ၏။

ပြီးလျှင် တောင်ပေါ် ပြေးတက်သွားလေသည်။

x x x

လေတဟူးဟူး တိုက်ခတ်နေသည်။

တောင်ထိပ် ပေါ်တွင် ဖုန်များ၊ သဲများ တထောင်း ထောင်းထသွား၏။

သစ်ပင် ချုံနွယ်တို့သည်လည်း ဟရှဲရှဲမြည်၍ လှုပ်ရှား၏။

တောင်ထိပ်သို့ ရောက်လျှင် စကျင်ကျောက်ဖြင့် ထုလုပ် ထားသော အဓိပတိသိုင်းဆရာကြီးစန်ကျုန်၏ အထိမ်းအမှတ် အမွှည်းကျောက်စာတိုင်ကို တွေ့ရှိရမည်ဖြစ်၏။

ထိုတိုင်နှင့် မလှမ်းမကမ်း၌ ရေညှိတက်နေသော ကျောက်တုံးတို့သည် တစ်တုံးနှင့် တစ်တုံး စပ်လျက် ပတ်ထည်ဝိုင်းကာ ရှိကြ၏။

ထိုကျောက်တုံးများသည် စန်ကျန့်၏ အုတ်ဂူအား ကာရံထားသော ကျောက်တုံးနံရံကြီး ဖြစ်ပြီး စန်းတုံ၏ လက်ရာဖြစ်လေသည်။

ချူရောင်သည် တောင်ပေါ်လမ်းတိုင်း လျှင်မြန်စွာတက်လာခဲ့ရင်း တောင်ထိပ်သို့ ရောက်ရှိလာသည်။

သူ တောင်ပေါ်ရောက်သည်နှင့် ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိသည်။

ကမ္ဘည်းကျောက်စာ အနီး၌ သူ့ထက်စော၍ ရောက်နှင့်နေသူ သုံးဦးရှိသည်ကို တွေ့ရသည်။

ချူရောင် ပြုံးမိသည်။

ကမ္ဘည်းတိုင်အနီး သွားပြီး ဦးညွတ် ဂါရဝပြုသည်။

တစ်ဖန် ကြိုရောက်နေသူ သုံးဦးအနီး လှမ်းသွား၏။



ကြိုရောက်နေသူတို့မှာ အမှတ်တစ် ကျီရှမ်၊ အမှတ်သုံး ရှမ်အင်နှင့် အမှတ်ငါး စန်းတုံတို့ ဖြစ်သည်။

ကျီရှမ်က ချုံနွယ်ပိတ်ပေါင်းများစွာကို ခုတ်ထွင် ရှင်းလင်းခဲ့သည်။

စန်းတုံက ကျောက်တုံး တစ်တုံးကို မယူကာ ပြန်၍ ပိတ်ဆို့ထား၏။

ချူရောင်က ဖယ်ရှား၍ တောင်ပေါ် တက်လာခဲ့သည် မဟုတ်ပါလား။

ကျီရှမ်သည် ချူရောင် ရောက်လာသည်ကိုမြင်လျှင်—

'အမှတ်နှစ် ညီလေးကတော့ အချိန်မှန်ပဲဟေ့'

ဟု ဆီးကြို နှုတ်ဆက်လိုက်သည်။

ချူရောင်က ဦးညွတ် ဂါရဝပြု၏။

'အစ်ကိုကြီးကို ဂါရဝပြုပါတယ်ဗျာ'

ရှမ်အင်က သူ့အားပြုံးကြည့်၏။

စန်တုံ မသိချင်ယောင်ဆောင်နေ၏။

ချူရောင်သည် ပြုံး၍ သူတို့ဘက် လှည့်ပြီး—

'စန်တု' မင်းရဲ့ ကျောက်တုံး နံရံက သရေ အုတ်ဂူကို ဓားကွယ်ပေးတာ တကယ့်ကို လုံခြုံပြီး ကျေနပ်စရာကောင်း ပါတယ်၊ ဒါပေမယ့် တောင်တက်လမ်းကိုတော့ အာထား စရာ မလိုသေးပါဘူး'

ဟု ပြောသည်။

စန်တုံက

'လက်စသတ်တော့ ကျုပ် ကျောက်တုံး လမ်းပိတ်ထား တာကို အစ်ကိုလတ်က သိနေတာကိုး၊ ကျုပ်က မသိဘဲ နေ မလားလို့ပါ၊ ဟား ဟား ဟား'

ပြောပြီး သဘောကျစွာ ရယ်လိုက်သည်။

ရှမ်အင်လည်း ရယ်မိသည်။

ကျီရှမ်သည် ရှမ်အင် ပြောပြထားသဖြင့် စန်တုံက ချူ ရောင်အား ပညာပြဖို့ကြိုးစားကြောင်း သိထားပြီးဖြစ်၏၊

ချူရောင်ကလည်း ရယ်သည်။
သူတို့၏ ရယ်သံများ စီစီညံသွား၏၊
ကျီရှမ်က



'ဒါထက် စန်တုံက ပြောတယ်၊ ညီလေးဟာ အမှတ်လွှ မှုရှိနဲ့ တွေ့ခဲ့သေးတယ်ဆို'

ဟု မေးသည်။

ချူရောင် ခေါင်းညိတ်သည်။

'ဟုတ်တယ်....တွေ့ခဲ့ပါတယ်၊ သူက အရက်အတင်းခေါ် တိုက်နေလို့ သောက်ခဲ့ရသေးတယ်'

ကျီရှမ်က
'ညီလေးတို့ အတွေ့တူလာတာ မဟုတ်လား'
ချူရောင် ခေါင်းခါယမ်းသည်။

'မဟုတ်ပါဘူး၊ သူက အရက်သောက်ရတာ မဝသေးလို့ ဆိုပြီး နေရစ်ခဲ့တယ်'

'ဩြ်'
ချူရောင်က
'မကြာခင်သူလိုက်လာလိမ့်မယ်'

ရှမ်အင်က

'လိုက်လာမယ်ဆိုပြီး ခုထိ ရောက်မလာသေးဘူး၊ အရက်အိုးထဲများ ဇောက်ထိုးကျနေပြီလား မသိဘူး'

ဟု ပြော၏။
သူမစကားကြောင့် အားလုံးရယ်၏။
ထိုစဉ်—

အဝေးဆီမှ ချိုလွင်သော ဗျပ်စောင်းသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

x x x

ချိုလွင်သာယာသော ဗျပ်စောင်းသံများ ထွက်ပေါ်လာလေသည်။

အဝေးမှ ကျေးငှက်တို့ ပျံသန်းလာသည်။

တောထဲမှ ယုန်အလေးများ၊ သမင်ကလေးများလည်း ထွက်လာကြသည်။

ရောင်စုံပန်းတို့ ဖူးပွင့်နေ၏။



စိမ်းလန်းသော သစ်ပင်ကြီးများ ဖုံးလွှမ်းထား၏။

တောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သမ်းနေသည်။

အေးမြလတ်ဆတ်သည့် လေပြည် လေညင်းတို့ ထိုက်ခတ်နေ၏။

ထိုအချိန်

ကျေးငှက် သာရကာများ၊ ယုန်ကလေး များ၊ သမင်လေးများ ရောက်လာရာ ဝန်းကျင်တစ်ခုလုံး သာယာမှုတို့ဖြင့်ပြည့်သွားသည်။

ဗျပ်စောင်းသံသည် သာယာ ငြိမ့်ညောင်းစွာ ထွက်ပေါ်နေ၍ ကြားရသူမှာ ရင်ထဲ အလိုလို ပျော်ရွှင် ကြည်နူးစေ၏။

ကျိုရွှမ်က

'အမှတ် ခုနစ်ဟာ အတွေးသမား တစ်ယောက် ဖြစ်ပေမယ့် ဘယ်တော့မဆို လောကကြီးအပေါ် အကောင်းမြင်တဲ့စိတ်ရှိတယ်၊ ပျော်ရွှင်မှုကို လိုလားတဲ့လူ ဖြစ်တယ်'

ဟု ပြော၏။
စန်တု၊ ရှမ်အင်နှင့် ချူရောင်တို့ ခေါင်းညိတ်ကြသည်။

ကျိုရှမ်၏ စကားကို သဘောတူ ထောက်ခံ လိုက်ခြင်းပင်၊

အမှတ်ခုနစ် လင်တိသည် စန်ကျန်ထံမှ ဗျပ်စောင်းပညာကို အမွေဆက်ခံရသည် မဟုတ်ပါသလား။

စန်ကျန် တီထွင်ခဲ့သော ဗျပ်စောင်းပညာသည် အလွန်လျှို့ဝှက်နက်နဲ ဆန်းကြယ်လှသည် မဟုတ်ပါလား။

ဗျပ်စောင်းသံကြောင့် ကျေးငှက် တိရစ္ဆာန် များသည် ပျော်ရွှင်မြူးတူးနေ၏။

ထိုသံသည် ပတ်ဝန်းကျင် တစ်ခုလုံးကို ညှို့ယူ ဖမ်းစားသကဲ့သို့ ရှိနေပါသည်။

ချူရောင်က

'အင်း.. အမှတ်ခုနစ်ရဲ့ ဗျပ်စောင်းသံကြောင့် ကျုပ် သူ့ ငယ်ပြန်ချင်သလို ဖြစ်လာပြီ၊ သူက ဘာကြောင့် ထွက်မလာသေးတာလဲ'

ဟု ပြော၏။
ကျိုရှမ်က
'သူရောက်နေပါပြီ'



ဟု ပြော၍ တစ်နေရာဆီသို့ လက်ညှိုးညွှန်ပြသည်။

အားလုံးကြည့်မိသည့်အခါ မလှမ်းမကမ်းသစ်ပင်အောက်တွင် ဗျပ်စောင်းတစ်လက်ကို ပိုက်၍ ရပ်နေသူ တစ်ဦးအား တွေ့လိုက်ရသည်။

ထိုလူမှာ အမှတ်ခုနစ် လင်တိ ဖြစ်ပါသည်။

သူသည် အားလုံးကို ဦးညွှတ်ပြီး

'ကျွန်တော် နောက်ကျသွားတာ ခွင့်လွှတ်ပါ ခင်ဗျာ'

ဟု တောင်းပန်သည်။
ကျိုရှမ်က ခေါင်းခါ၏။
'ညီလေးနောက်မကျပါဘူး'

စန်တုက

'ဟုတ်တယ်၊ နောက်ကျတာက မုရှံပဲ၊ သူက အရက်ဆိုင်ထဲမှာ ရောက်နေပြီ ဆိုတော့ တော်တော်နဲ့ ရောက်လာမှာမဟုတ်ဘူး'

ထိုစဉ်

'ဟော့....ကျုပ်ကို နောက်ကျတယ်လို့ ပြောတာ ဘယ်သူလဲ....အေ့'

ကျို့ထိုးသံနှင့်အတူ တောင်ပေါ်သို့ လူရိပ်တစ်ခု ပြေးလွှား ရောက်ရှိလာသည်ကို တွေ့ရ၏။

ထိုလူ ရောက်မလာခင် တိုက်ခတ်လာသော လေပြည်၌ အရွက်နုများ တထောင်းထောင်း ထသွားသည်၊

စန်ကျန်၏ တပည့်ခုနစ်ဦးအနက်မှ အမှတ်လေး မုရုံရောက်ရှိလာပြီဖြစ်သည်။

သူသည် ယိမ်းထိုး၍ ကျိရှမ်တို့အနီး ရောက်လာသည်၊

စန်တုသည် အပြောမှားသွားသည် ဖြစ်၍ အရှက်ပြေ တဟားဟား ရယ်မောလေသည်၊

X X X

အမှတ်တစ် ကျိရှမ်
အမှတ်နှစ် ချူရောင်
အမှတ်သုံး ရှမ်အောင်



အမှတ်လေး မုရုံ
အမှတ်ငါး စန်တု
အမှတ်ခုနစ် လျှင်တိ

အစိပတိ သိုင်းဆရာကြီး စန်ကျန်၏ တပည့် ခုနစ်ယောက် အနက် ခြောက်ဦးသည် ဝူတိုင်တောင်ပေါ် ရောက်လာပြီဖြစ်သည်။

စန်ကျန်၏ နှစ်ပတ်လည်နေ့တွင် လာရောက် ပူဇော် ကန်တော့ကြခြင်း ဖြစ်၏။

နှစ်စဉ်နှစ်တိုင်း တပည့်ခုနစ်ဦး စုံစုံလင်လင် ရောက်ရှိခဲ့၏။

ယခုနှစ်တွင်မူ....

တပည့် ခြောက်ဦး ရောက်လာပြီး အမှတ်ခြောက် ဝါပေသာ ရောက်မလာသေးပါ၊

သူတို့သည် ဝါပေ ရောက်လာမည့် အချိန်ကို စောင့်ဆိုင်းနေလိုက်ကြ၏၊

x x x

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီသည်ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိလာ၏၊

နေမွန်းတည့်ချိန်သို့ပင် ရောက်လာပြီဖြစ်သည်။

သို့သော်

ဝါပေ ရောက်မလာသေးပါချေ။

အားလုံး၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ်ရောင်တို့ ဖြစ်ပေါ်လာသည်။

ရှမ်အင်က

'ညီမလေးဝါ ရောက်မလာသေးပါလား၊ နေထိုင်များ မကောင်းလို့လား၊ ဒါမှမဟုတ် အခက်အခဲများ တွေ့နေလို့လား'

ဟု ရေရွတ်၏၊

စန်တုတ္တိက သူမအား ကြည့်မိ၏။

တစ်ဖန် ကျော်ရှမ်ဘက် လှည့်ကြည့်လိုက်၏၊

ကျော်မှုမ် သက်ပြင်းချမိသည်။



'ညီမလေးဝါမှာ ကျင်ဝဆိုတဲ့ တပည့်တစ်ယောက်ရှိတယ် မဟုတ်လား၊ အကြောင်းကိစ္စ တစ်ခုခုကြောင့် သူ ရောက်မလာနိုင်ဘူးဆိုရင် ကျင်ဝကိုလွှတ်ပြီးအကျိုးအကြောင်းပြောမှာပေါ့'

ဟု အကျိုးသင့် အကြောင်းသင့် ပြော၏။

ချူရောင် ခေါင်းညိတ်သည်။

'အစ်ကိုကြီး ပြောတာ မှန်တယ်၊ သူလာမှာပါ၊ကျုပ်တို့ စောင့်နေကြတာပေါ့'

သူတို့သည် ဝါပေရောက်လာမည့် အချိန်ကို ဆက်စောင့်နေလိုက်ကြသည်။

X X X

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

နေဝန်းနီသည် အနောက်သို့ တိမ်းစောင်းသွား၏။

မွန်းလွဲချိန် ရောက်လာပြီ ဖြစ်သည်။
ဝါပေ ရောက်မလာသေးပါ။
သူတို့ စိုးရိမ်ပူပန်လာမိသည်။

နှစ်စဉ် သူတို့သည် နံနက်ပိုင်းအချိန်မှာ စုရုံး ရောက်လာကြပြီးလျှင် စုပေါင်း ဂါရဝပြုပွဲ ဆင်နွှဲကြသည်။

နေမွန်းမတည့်မီ လုပ်ဆောင်စရာ ရှိသည့် ကိစ္စ အဝဝကို ဆောင်ရွက် ပြီးစီးသွားလေ့ရှိ၏။

နေမွန်းတည့်ချိန်ထက် ကျော်လွန်းသွားသည့်နှစ်မရှိခဲ့ပါ။

ယခုနှစ်၌မူ....

နေမွန်းတည့်ချိန်ကို ကျော်လွန်သွားသည်သာမက မွန်းလွဲပိုင်းသို့ပင် ရောက်လာခဲ့ပြီ ဖြစ်သည့်တိုင် ဂါရဝပြုပွဲကို ဆင်နွှဲခြင်းမပြုရပါသေးချေ။

စန်တုံက မနေနိုင်တော့ဘဲ....

'အစ်ကိုကြီး ဝါပေရောက်မလာနိုင်တော့ထင်တယ်'

ဟု ပြောလေသည်။



ဤတွင် တိတ်ဆိတ်ငြိမ်သက်နေကြသူအားလုံး သက်ဝင်လှုပ်ရှားလာကြလေသည်။

ရှမ်အင်က—

'ညီမလေး ဝါဟာ နှစ်စဉ်မပျက်ရောက်လာခဲ့တာပဲ၊ ဘယ်တုန်းကမှ ပျက်ကွက်ခဲ့တယ်ဆိုတာ မရှိခဲ့ဘူး၊ ဒီနှစ်ရောက်မလာနိုင်တာအကြောင်းတစ်ခုခုရှိနေပါပြီ'

ဟု စိုးရိမ်စွာပြောလေ၏။

လင်တိက -

'လွန်ခဲ့တဲ့ ခြောက်လလောက်ကတော့ သူတို့ဆရာတပည့်နှစ်ယောက် ယန်ကျူးနယ်ဘက် ခရီးထွက် သွားတယ်လို့ သတင်းကြားခဲ့သေးတယ်'

ဟု ပြောလေသည်။

ဝါပေသည် တစ်နေရာထဲ၌ အခြေတကျ နေထိုင်ခြင်းမရှိဘဲ တပည့်ဖြစ်သူနှင့်အတူ သိုင်းလောက တစ်နံ တစ်လျားလှည့်လည်သွားလာနေသူဖြစ်ကြောင်း အားလုံးသိထား၏။

ထို့ကြောင့် ဝါပေအားလိုက်လံရှာဖွေဖို့မလွယ်ကူချေ။

သူမ မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို ခန့်မှန်းရခဲ လှပေသည်။

မုရုံသည် အရက်မူးပြေသွားဟန်ဖြင့် ခေါင်းခါပြီး....

'ကျုပ်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ ဘူးထင်တယ်'

ဟု ပြော်လေသည်။

အာလုံးသည် ကျိုရှမ်အားလှမ်းကြည့်လိုက်၏။

ဝါပေနှင့်ပတ်သက်၍ ကျိုရှမ်၏ သဘောထားကို သိ ကြသည့်သဘောဖြစ်သည်။

ကျိုရှမ်သည် တပည့်အကြီးဆုံး ဖြစ်သည့်အပြင် ပြ ပညာမြော်မြင်အရှိဆုံး လူတစ်ယောက်ဟု အားလုံး၊ လည်လက်ခံထားကြသည်မဟုတ်ပါလား၊

ကျိုရှမ်၏မျက်နှာတည်ကြည်လေးနက်နေသည်။



တစ်စုံတစ်ခုအားလေးလေးနက်နက်တွေးတော စဉ်းစား နေပုံရ၏။

ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွား၏။

တစ်ယောက်၏ အသက်ရှူသံကိုပင် တစ်ယောက်ကကြား နေရလောက်ပေသည်။

အတော်ကလေးကြာသွားမှ ကျိုရှမ် သက်ပြင်းချပြီး....

'သူက အကြောင်းတစ်ခုခုကြောင့် ရောက်မလာ နိုင်ဘူး ဆိုတာသေချာသွားပြီ၊ကဲတို့ပဲ ဆရာကိုဂါရဝပြုကြတာပေါ့'

ဟု ပြောလေသည်။

ထိုစကားကြားလျှင် အားလုံးစိတ်မကောင်း ဖြစ်သွား ကြလေသည်။

သို့သော်

ဝါပေရောက်မလာသဖြင့်မည်သို့မျှ မတတ်နိုင်ကြပါချေ။

ကျိရှမ်ကာ

'သွားကြစို့'

ဟုပြောကာ ကျောက်တုံးနံရံကိုကျော်ဖြတ်၍ အတွင်းဘက်သို့ခုန်ဝင်သွား၏။

ကျန်လူများလည်း မနေနိုင်ကြပါချေ။

တစ်ယောက်ပြီးတစ်ယောက် လိုက်ပါသွားကြသည်။

သို့ဖြင့်–

ခြောက်ယောက်စလုံး ကျောက်တုံးနံရံအတွင်းဘက်ရှိ မြေကွက်လပ်သို့ရောက်ရှိသွားကြလေသည်။

ထိုမြေကွက်လပ်တွင် စန်ကျန်း၏ အုတ်ဂူရှိနေ၏။

ကျိရှမ်တို့သည် အသင့်ယူဆောင်လာသော အမွှေးတိုင် ဖယောင်းတိုင်များဖြင့်စန်ကျန်း၏အုတ်ဂူတွင်ထွန်းညှိကာ [illegible] ကန်တော့လိုက်ကြသည်။

ထိုအချိန်ဝယ်—



ဂူတန်ဘောင်သို့ဦးတည်ကာ လူတစ်ယောက် ခရီးနှင်လာနေပါ၏။

ထိုလူမှာ ဝါပေ၏တပည့်ကျင်ဝဖြစ်သည်။

X X X

## သတင်းဆိုး

ညနေဆည်းဆာအချိန်ရောက်ပြီဖြစ်၏။

ဝူတန်တောင်ထိပ်တွင် လွမ်းမောဖွယ်ရာ ဆောင်းသညီ သဘာဝအလှတစ်မျိုး ပြောင်းလဲသွား၏။

ဝူတန်တောင်ပေါ်သို့ ရောက်လာသူများ၏ ရင်ထဲ၌ထည်း ကြေကွဲမှုဘို့ဖြစ်ပေါ်နေ၏။

နှစ်တိုင်း နှစ်တိုင်း ပညာသင်ဘက် တပည့် ၇ ဦးလုံး စုံစုံညီညီ ရောက်လာကြသော်လည်း ယခုနှစ်တွင် ဝါပေ တစ်ယောက် လိုနေသည် မဟုတ်ပါလော။



ဝါပေသည် အဘယ်ကြောင့် ရောက်မလာနိုင်ပါသနည်း။ ကျိရှမ်က စန်ကျန်၏အုတ်ဂူ၌ ရှိခိုးကန်တော့ရင်း–

'ဆရာ၊ ဒီနေ့တော့ ညီမဝါ ရောက်မလာနိုင်ပါဘူး၊ သူ ဘာကြောင့်ရောက်မလာရသလဲ ဘယ်လိုအခက်အခဲ ကြုံနေရ သလဲဆိုတာ ကျွန်တော်စုံစမ်းပါ့မယ်....

'သူ့မှာ အခက်အခဲရှိရင် ကူညီဖြေရှင်းပေးမယ်လို့ ကတိပြု ပါတယ်ဆရာ....

ဟု တိုင်တည်ပြောဆိုခဲ့သည်။

သူတို့အားလုံးသည် စန်ကျန်ကို ရှိခိုး ကန်တော့ကြပြီး နောက် ကျောက်တုံးနံရံအပြင်ဘက်သို့ခုန်ထွက်လာကြသည်။

ကဗျည်းကျောက်စာတိုင်အနီး၌ စုရုံးမိကြလျှင် ကျိရှမ်က စကားစလိုက်သည်။

'ဒီနေ့ကတော့ အတော်ကို ဝမ်းနည်းကြေကွဲစရာ နေ့တစ် နေ့ပဲဖြစ်တယ်၊ ညီမဝါဟာ ရောက်လာသင့်ပါလျက်နဲ့ ရောက် မလာဘူး–

'ဒါကြောင့် သူ့မှာ ဘယ်လိုအကြောင်းကိစ္စ ရှိနေသလဲ၊ ဘယ်လိုအခက်အခဲ ကြုံနေရသလဲဆိုတာကို စုံစမ်းရလိမ့်မယ်၊

တကယ်တမ်း အခက်ကြုံနေရတယ်ဆိုရင် ကျုပ်တို့ အားလုံး အင်တိုက်အားတိုက်ကူညီရလိမ့်မယ်—

အားလုံးက သဘောတူ ထောက်ခံလိုက်ကြ၏။ ကျော်ရွှမ်က ဦးဆောင်ဦးရွက် ပြုမည်ဖြစ်ရာ အားရကျေနပ်သွားကြ၏။ ကျော်ရွှမ်က လင်တိကိုကြည့်လိုက်ပြီး....

'ညီလေး၊ သူ့ကို ယန်ကျူနယ်မှာတွေ့ခဲ့ရတယ်ဟုတ်လား'

ဟု မေးလိုက်သည်။

လင်တိက

'ကျုပ်ကိုယ်တိုင် တွေ့တာတော့ မဟုတ်ဘူး၊ ယန်ကျူနယ် အနီးတစ်ဝိုက်ကိုရောက်တုန်းက သူတို့ရဲ့သတင်းကိုကြားရတာပါ'

ဟု ရှင်းပြ၏။

ကျော်ရွှမ်က—

'ဒါဘဲဖြစ်ဖြစ် ၆ လလောက်ပဲရှိသေးတာဆိုတော့ သူတို့ရဲ့ခြေရာလက်ရာကို စုံစမ်းလို့ရနိုင်တာပဲ ကျုပ်က....



ရှတ်တရက် သူ၏စကားကို တစ်ပိုင်းတစ်စဖြင့်ရပ်ထား၏။

အားလုံးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

အကြောင်းမှာ....

တောင်ပေါ်သို့ ပြေးတက်လာသည့် ခြေသံတို့ကို ကြားရခြင်းကြောင့်ဖြစ်၏။

အားလုံးက တောင်တက်လမ်းဆီသို့ လှမ်းကြည့်လိုက်ကြ၏။ စန့်တုံက—

ညီမလေးဝါမျှားလား—

ဟု ရေရွတ်လိုက်၏။

ကျော်ရွှမ်က ခေါင်းခါလိုက်၏။

'မဖြစ်နိုင်ဘူး၊ ညီမလေးဝါရဲ့ ကိုယ်ဖော့ပညာဟာ ပြိုင်ဘက်ကင်းတယ်၊ သူရောက်လာတယ်ဆိုရင် တို့ သိတောင်သိရမှာ မဟုတ်ဘူး—

ထိုစကားကြောင့် အားလုံး ပို၍စိတ်ဝင်စားသွားကြ၏။

ဝါပေမဟုတ်လျှင် တောင်ပေါ်သို့တက်လာသူမှာ မည်သူဖြစ်ပါသနည်း။

အားလုံးက တောင်ပေါ်တက်သည့်လမ်းဆီသို့ လှမ်းကြည့်လိုက်ကြ၏။

မကြာပါချေ။

ခြေသံတို့ တဖြည်းဖြည်းကျယ်လာပြီး လူတစ်ဦးက တောင်ပေါ်သို့ ရောက်ရှိလာသည်ကိုတွေ့လိုက်ရ၏။

ထိုလူမှာ ကျင်ဝဖြစ်၏။

ကျင်ဝသည် ညှိုးငယ်သည့် မျက်နှာဖြင့် တောင်ပေါ်သို့ ရောက်လာပြီး ကျိရွှမ်နှင့် မလှမ်းမကမ်းသို့ ရောက်လျှင် ဒူးထောက်ချလိုက်၏။

ကျိရွှမ်တို့သည် ကျင်ဝမှာ ဝါပေ၏ တပည့်ဖြစ်ကြောင်း ကောင်းစွာသိရှိထားကြ၏။

ဝါပေ ရောက်မလာဘဲ ကျင်ဝ ရောက်လာသဖြင့် အခြေအနေထူးခြားနေပြီဖြစ်ကြောင်း သဘောပေါက်သွားကြ၏။



အားလုံးက ပို၍စိတ်လှုပ်ရှားလာကြ၏။

ကျိရွှမ်က

'မင်းက ကျင်ဝ မဟုတ်လား'

ဟု မေးလိုက်၏။

ကျင်ဝက ဦးညွတ်လိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ....

ကျိရွှမ်က

'မင်းရဲ့ဆရာရော၊ သူက ဘာကြောင့်မလာရတာလဲ....

ဟု မေးလိုက်၏။

ရုတ်တရက်

ကျင်ဝ၏မျက်လုံးအစုံမှ မျက်ရည်တို့စီးကျလာ၏။ အလွန်ဝမ်းနည်းသည့်အသံဖြင့်-

'ဆရာ ကွယ်လွန်သွားပါပြီခင်ဗျာ-

ဟု ပြော၏။

ထိုစကားကြားလျှင်–

'ဟင်'

'ဟာ'

အားလုံး အထိတ်တလန့်ဖြစ်သွားကြ၏။

x x x

ဝါပေ။

ဝါပေသည် သိုင်းပညာကို ဘဝတစ်ခုဟု သဘောထား၍ သိုင်းလောကကို အလွန် ချစ်မြတ်နိုးသူဖြစ်ကြောင်း အားလုံး သိရှိထားကြ၏။

ဝါပေသည် မာနကြီးသည်မှလွဲ၍ အပြစ်ပြောစရာမရှိသူဟုလည်း လက်ခံယုံကြည်ထားကြ၏။



အဓိပတိသိုင်းဆရာကြီး စန်ကျုန့်ထံမှ ကိုယ်ဖော့ ပညာကို ထူးချွန်စွာရရှိခဲ့သူလည်းဖြစ်၏။

ယခု

ဝါပေ ကွယ်လွန်သွားပြီဖြစ်၏။

ကြားရသည့်သူတင်းတို့မှာ မယုံနိုင်စရာကောင်းလှသည်။

ကျီရွှမ်က

'မင်း ဘယ်လိုပြောလိုက်တာလဲ'

ဟု ဝေါက်လိုက်၏။

ကျင်ဝ ခေါင်းငုံ့ထားလိုက်၏။

ကျီရွှမ်က

'မင်းဆရာ ဘာဖြစ်တာလဲပြောစမ်း'

ဟု မေးလိုက်၏။

ကျင့်ဝက

'ဆရာ ကွယ်လွန်သွားပါပြီခင်ဗျာ'

ဟု ဆို့နင့်စွာပြောလေ၏။

ကျိုရှမ်က ကျန်လူတို့ကိုလှမ်းကြည့်လိုက်၏။ ကျန်လူတို့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြပါ၏။

'ဘယ်လိုဖြစ်တာလဲ'

'ညီမဝါက ဘာကြောင့်သေဆုံးရတာလဲ'

'ရန်သူလက်ချက်မိသွားတာလား'

'ဟော့ကောင်လေး အဖြစ်မှန်ကိုမြန်မြန်ပြောစမ်း'

တစ်ယောက်တစ်ပေါက် ဝိုင်းမေးလိုက်ကြ၏။ ကျင်ဝက ငိုသံပါကြီးဖြင့်....

'ကျွန်တော်တို့ ယန်ကျူနယ်ကဖြတ်ပြီး မြောင်နယ်ဘက်ကို ခရီးဆက်ရင်း မမျှော်လင့်ဘဲဆရာဟာနာဖျားမကျန်းဖြစ်လာခဲ့ပါတယ်-

'လူသူကင်းဝေးတဲ့ တောထဲတောင်ထဲကို ရောက်နေတော့ သမားတော်ပင့်ဖို့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်ဟာ ဆရာကို



တောအုပ်ထဲကနေ ခေါ်ယူလာဖို့ ကြိုးစားပေမယ့် မရတော့ပါဘူး၊ လမ်းတစ်ဝက်မှာပဲ ဆရာ ကွယ်လွန်သွားပါတယ်...

ဟု ရှင်းပြလိုက်လေ၏။

စန်တုံကာ....

'နေပါဦး၊ ညီမဝါက ကျန်းကျန်းမာမာပဲ မဟုတ်လား၊ ဘာကြောင့် ကော်ကကာဝင်ကာ အဖျားဝင်လာရတာလဲ၊ ပြောစမ်းပါဦး....

ဟု မေးလိုက်သည်။

ကျင်ဝက

'ဆရာဟာ မြောင်နယ်စပ်မှာသစ်သီးတချို့ကိုလေ့လာခဲ့ပါတယ်၊ အဲဒီသစ်သီးတွေက အဆိပ်သီးတွေလို့ ပြောပြခဲ့ပါလယ်ခင်ဗျာ..

မုရှံက....

'သူက ဘာကြောင့် အဆိပ်သီးတွေကို လေ့ကျင့်ချင်ရတာလဲ'

ဟု မေးလာပြန်သည်။

ကျင်ဝက....

'မြောင်နယ်ခြားကလာတဲ့ သိုင်းသမားတွေဟာ အဆိပ်ပညာ ကျွမ်းကျင်တာကြောင့် သိုင်းလောကသားတွေ ဒုက္ခရောက်ခဲ့ကြရတဲ့ အစဉ်အလာတွေရှိတယ်လို့ ပြောပါတယ်၊ အဆိပ်ကိုနိုင်နင်းရင် နောက်နောင် အဆိပ်သိုင်းသမားဆိုးတွေ ပေါ်ပေါက်လာရင် မှုစရာမလိုတော့ဘူးလို့ ပြောပါတယ်၊ အဆိပ်ပညာကိုလေ့လာရအောင် မြောင်နယ်စပ်ကိုသွားခဲ့ကြတာပါခင်ဗျာ'

ဟု ရှင်းပြလိုက်ပြန်သည်။

ချူရောင်က....

'လက်စသတ်တော့ ညီမဝှာက အဆိပ်ပညာလေ့လာဖို့ စိတ်ကူးပေါက်သွားတာကိုး၊ မြောင်နယ်စပ်ဟာ လမ်းပန်းခရီး ခက်ထန်ကြမ်းတမ်းတယ်၊ သားရဲတိရစ္ဆာန်တွေ ပေါများတယ်၊ အဆိပ်သီးအဆိပ်ပင်တွေလဲပေါတယ်၊ တချို့နေရာတွေမှာဆိုရင် မြေကြီးထဲကနေ အဆိပ်ငွေ့တွေတောင် ပန်းထွက်နေတာမျိုးရှိသေးတယ်၊ အဒေါ်ကို ကြောက်စရာကောင်းတာပေါ့'



ဟု မြောင်နယ်စပ်ဒေသ၏ ကြောက်မက်ဖွယ်ရာကောင်းပုံကို ပြောကာ ပခုံးတွန့်လိုက်သည်။

ကျိရှမ်က သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်၊ မြောင်နယ်ကို အကြောင်းမသိဘဲသွားရင် လမ်းခရီးမကျွမ်းကျင်ဘဲသွားရင် အဆိပ်မိပြီး ဒုက္ခရောက်ရမှာပဲ'

သူက ကျင်ဝှက်အား အကဲခတ်လိုက်ပြီး....

'နေပါဦး၊ ညီမဝှာက အဆိပ်မိပြီး မင်းက အဆိပ်မမိတာက ဘာကြောင့်လဲ'

ဟု မေးလေသည်။

ကျင်ဝှက် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

'ဆရာဟာ ကျွန်တော့်ကို အဆိပ်သီးတွေမကိုင်ရဘူးလို့ တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့ပါတယ်၊ အဆိပ်နဲ့ပတ်သက်ရင် ဝေးဝေးရှောင်နေခိုင်းခဲ့ပါတယ်၊ ဒါကြောင့် ဆရာအဆိပ်မိသွားပေမယ့် ကျွန်တော် အဆိပ်မမိခဲ့တာပါ'

ဟု ရှင်းပြလိုက်သည်။

ကျော့ရှမ်း ခေါင်းညိတ်လိုက်သည်။

'အင်း—မင်းရဲ့ဆရာက မင်းကို တော်တော်ချစ်တာပဲ'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဆရာဟာ မလွယ်လွန်မီမှာ ဝူတန်တောင်ပေါ်ကို အဆောက်သွားလို့မှာခဲ့ပါတယ်'

မျက်ရည်ဆက်လက်ဖြင့်ပြောရင်း ခေါင်းငုံ့ထားလေ၏၊ ကျော့ရှမ်က ကျန်လူများကိုကြည့်လိုက်ပြီး....

'စိတ်မကောင်းစရာပဲ၊ ညီမလေးဝှာ မမျှော်လင့်ဘဲ ကွယ်လွန် သွားခဲ့ပါပြီ'

ဟု အတည်ပြုပေးလိုက်လေတော့သည်။

o ※ o

## လှုက်မြှောင်းလက်လွှဲ

---

'ညီမလေးဝှာ ကွယ်လွန်သွားပြီ'

ထိုအသိက အားလုံးကို တုန်လှုပ်ချောက်ချားစေခဲ့၏၊ သူတို့သည် ထိပ်သီးသိုင်းသမားကြီးများအဖြစ် သိုင်းလောကနှံ့ ဝံ့ ကြွားကြွား ရပ်တည်နိုင်ခဲ့ကြသည်။

သိုင်းလောကအကျိုး၊ အများအကျိုးကိုရှေးရှုပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။

စန်ကြီန်၏အရှိန်အဝါကြောင့် လည်းကောင်း၊ သူတို့တတ်မြောက်ထားကြသော ပညာရပ်များကြောင့် လည်းကောင်း သိုင်းလောကတွင် သူတို့အား ရန်ပြုသူဟူ၍ မရှိသလောက်ပင်။

သိုင်းလောကတွင် မည်သူ့ကိုမျှ အမှုမထားဘဲ လက်မထောင်ပြီး နေနိုင်ခဲ့သည်ဟု ဆိုရပေမည်။

သူတို့သည်ရရှိထားသော ဘဝပေးအဲခြေအနေကို အားရ ကျေနပ်ခဲ့ကြသည်။

ငါလိုလူ ဇမ္ဗူတစ်ခွင်မှာ ရှိနိုင်တော့မည်လောဟု ဝင့်ကြွားခဲ့ကြပေသည်။

ယခုမူ…

မည်သူကမျှ အားမခံဝံ့သော်လည်း မရဏာရှင်သေမင်းကိုမူ ဝှာပေ မလွန်ဆန်နိုင်ဘဲ အနိုင်ယူခြင်းကို ခံခဲ့ရပြီဖြစ်လေ၏။

သူတို့သည် အသက်အရွယ် ကြီးပြင်းလာခဲ့ကြပြီ ဖြစ်၏၊ တစ်နေ့မဟုတ်တစ်နေ့ မရဏာရှင်သေမင်းနှင့် ရင်ဆိုင်ကြရလိမ့်မည် ဖြစ်သည်။

ဤသို့ဆိုလျှင်—

သံဝေဂတရား ရလာကြသည်။

သခ်ါရတရားကို အနီးကပ်ခံစားလာရသည်။



ရှမ်အင်က…

'သူက အရွယ်ကောင်းတုန်းပဲရှိသေးတယ်၊ သေသွားပြီ'

ဟု ညည်းတွားလိုက်သည်။

ချူရောင်ရာ....

'သူ့ကို ဘယ်သူကမှ ဒုက္ခပေးတာမဟုတ်ဘူး၊ သူ့ဟာသူ ဒုက္ခရှာခဲ့တာကိုး'

လင်တိ သက်ပြင်းချလိုက်သည်။

'အမှတ်နှစ် ဒီလိုတော့မပြောပါနဲ့ဗျာ၊ ကျုပ်တို့ဟာ သိုင်းသမားတွေပဲ၊ သိုင်းလောကမှာ ကျင်လည်ကျက်စားရင်း မဆုံးနိုင်တဲ့ အတွေ့အကြုံ ဗဟုသုတတွေကို ရှာဖွေကြရလိမ့်မယ် မဟုတ်လား၊ ခုလဲ ညီမငှာကို သဘာဝတရားက အနိုင်ယူသွားတာပါ'

ဟု ပြောလိုက်သည်။

မုရှဲက..

'ကျုပ်တို့ရဲ့ဆရာတောင်မှ သင်္ခါရတရားကို မလွန်ဆန်နိုင်ဘူး၊ ညီမလေးဝှာပေ ကွယ်လွန်သွားခဲ့သလို တစ်နေ့ကျရင် ကျုပ်တို့လဲ သူ့နောက်ကို လိုက်သွားကြရမှာပဲ'

အားလုံး သံဝေဂရလာကြသည်။

ကျော်ရှမ်က ကျင်ဝှက်အား စိုက်ကြည့်လိုက်ပြီး....

'မင်းဆရာရဲ့အလောင်းကို သေသေချာချာ မြှုပ်နှံခဲ့ရဲ့လား'

ဟု မေးလိုက်သည်။

ကျင်ဝှက်က—

'ဆရာဟာ အဆိပ်မိနေပြီဖြစ်တာကြောင့် သူကွယ်လွန်သွားတဲ့အခါ သူ့ရဲ့အလောင်းကိုကိုင်တွယ်ရင် ကျွန်တော်တို့ပါ အဆိပ်ကူးလိမ့်မယ်၊ သူသေသွားတာနဲ့ မီးသင်္ဂြိုဟ်လိုက်လို့ မှာခဲ့ပါတယ်'

ကျော်ရှမ်က....

'မင်းက သူ့ရဲ့စကားအတိုင်း မီးသင်္ဂြိုဟ်ခဲ့တာပေါ့'



'ဟုတ်ပါတယ် ခင်ဗျာ၊ ဆရာကွယ်လွန်သွားတာနဲ့ ချက်ချင်းပဲ မီးသင်္ဂြိုဟ်ခေါ်လွှကါ်ပါတယ်'

ကျင်ဝက ဝန်ခံလိုက်သည်။

ကျော်ရှမ်က

'အင်း....ညီမဝါနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ အမှတ်တရ မကျန်ရစ်တော့ဘူးပေါ့'

ဟု ညည်းတွား၏။

ချူရောင်က

'အမှတ်တစ်ရယ်၊ ညီမလေးဝါက သူ့ကိုယ်စား သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ဖို့ တပည့်တဦးကိုတော့ မွေးထုတ်သွားခဲ့သေးတယ်'

သူက ကျင်ဝကို ကြည့်၍

'ငါပြောတာ မှန်ရဲ့လား'

ဟု မေးလိုက်သည်။

ကျင်ဝက

'ဟုတ်ပါတယ်ခင်ဗျာ၊ သိုင်းလောကအကျိုး၊ အများအကျိုးအတွက် အသက်စွန့် ကြိုးပမ်း ဆောင်ရွက်ရမယ်လို့ ဆရာက မှာကြားသွား ခဲ့ပါတယ် ခင်ဗျာ'

ချူရောင် ပြုံးလိုက်သည်။

'ကောင်းတယ်၊ အပင်စိုက်ရင် အသီးစားရမှာပဲ၊ တို့တတွေ မျိုးဆက်က ပြတ်သွားလို့ ဘယ်ဖြစ်မလဲ၊ မင်းရဲ့ဆရာမရှိတော့ပေမယ့် ဘာမှ အားမငယ်နဲ့၊ ငါတို့ရှိသေးတယ်၊ မင်းအတွက် အကူအညီလိုရင် အခက်အခဲကြုံရင် ငါတို့ဆီကို လာခဲ့ပေါ့'

ကျော်ဝ ဝမ်းသာမိ၏။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

'ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ'

ဤတွင်

'အေး—မင်းမှာ အခက်အခဲရှိရင် တို့ကိုလဲ မမေ့နဲ့.'

'ငါ့ဆီကိုလဲ လာနိုင်တယ်'

ကျန်လူများကလည်း အကူအညီပေးကြမည်ဟု ပြော၏၊



သူ ဝမ်းသာသွားသည်။

'ဦးတို့ဒေါ်ဒေါ်တို့ ကျေးဇူးကို ကျွန်တော်ဘယ်တော့မှ မမေ့ပါဘူး ခင်ဗျာ'

ပြောသည်။
ကျော်ရှမ်သက်ပြင်းချမိ၏။
သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး—

'မင်းက ဝါပေဆီမှာ နေခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ ထင်တယ်'

မေးလာသည်။
ကျော်ဝ ခေါင်းညိတ်သည်။
'ဟုတ်ပါတယ်ခင်ဗျာ'

ကျော်ရှမ်က....

'ဟုတ်..ဟုတ်ပါတယ်ခင်ဗျာ'

'မင်းက သူ့ရဲ့ပညာကို ဆုံးခန်းတိုင်အောင် သင်ယူရရှိခဲ့မယ် ထင်တယ်'

ကျော်ဝ၏ ခန္ဓာကိုယ် ဆတ်ခနဲ တွန့်ခါသွားသည်။

ဝါပေ ပြောပြသည့် စကားများကိုလည်း ပြန်လည်ကြား ယောင်လာသည်။

'အမှတ်တစ်ကျိုးရှိမ်ဟာ အတော်ကို ဉာဏ်ကောင်းတယ့် ပါးနပ်တယ်၊ သူ့ကို လိမ်ဖို့ မလွယ်ဘူး၊ မင်း သူ့ကို သတိ ထားရလိမ့်မယ်'

သူသည် ကျိုးရှိမ်အား မျက်နှာငယ်လေးဖြင့်ကြည့်ပြီး....

'သရာဟာ သူ့ရဲ့ ကိုယ်ဖော့ပညာကို သင်ပေးခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အခြေအနေက ကိုယ်ဖော့ပညာနဲ့ မလိုက်ဘူးဆိုပြီး နောက်ထပ် သိုင်းပညာရပ် တစ်ခုကို တီထွင် မယ်၊ အဆိပ်ပညာကို လေ့လာမယ်လို့ ခေါ်သွားရင်း မြောင်နယ်စပ်မှာ ကွယ်လွန်သွားခဲ့တာပါ ခင်ဗျာ'

ကျိုးရှိမ်က

'ဒါဖြင့် သူ့ဆီက ပညာကုန် မရလိုက်ဘူးဆိုပါတော့'

'ဟုတ်ပါတယ် ခင်ဗျာ'

အားလုံး စုတ်တသပ်သပ် ဖြစ်သွားကြသည်။



ရှိမ်အင်က

'ညီမဝါနဲ့ နှစ်ပေါင်းများစွာ နေလာပြီးမှ ပညာကုန် မရဘူးဆိုတော့ နစ်နာတာပေါ့'

'ဘာပဲဖြစ်ဖြစ် ဝါပေက ပညာကုန် သင်ပေးပြီးမှတခြား ပညာ သင်ပေးဖို့ စိတ်ကူးသင့်တယ်'

မုရှုံက ထောက်ခံလိုက်၏။

လင်တိဂျ....

'မင်း ဘယ်လိုဆက်လုပ်မလဲ—

ဟု မေးလာ၏။

ကျင်ဝဏ ပင့်သက်ရှိုက်လိုက်၏။

သူက ထိုမေးခွန်းကိုစောင့်နေခဲ့သူမဟုတ်ပါလား။

'ဆရာက ဝူတန်တောင်ပေါ်ကို ဆယ်လပိုင်း ၃ ရက်နေ့ အရောက်သွားရမယ်လို့ မှာသွားပါတယ်ခင်ဗျာ—

ဟု ပြောလိုက်၏။

လင်တိက

'ဒါဆိုရင် ငါတို့နဲ့တွေ့ရအောင် လွှတ်လိုက်တာဆိုတာ သေချာတာပေါ့—

'ဟုတ်ပါတယ်ခင်ဗျာ....

ဝူတန်တောင်ပေါ်သို့ စန်ကျန်၏ တပည့် ၇ ယောက်မှလွဲပြီး မည်သူမျှ တက်ခွင့်မရှိပါချေ။

ထို့ကြောင့်—

ယခင်နှစ်များက ကျင်ဝသည် ဝါပေနှင့်အတူလိုက်လာပါသော်လည်း တောင်ပေါ်သို့ တက်ခွင့်မရဘဲ တောင်ခြေ၌သာ နေခဲ့ရ၏။

ဝါပေနည်းတူ ကျန်လူတို့ကလည်း သူတို့၏ဇနီး သားသမီး တပည့်တို့ကို ခေါ်လာခြင်းမပြုကြချေ။

ဝူတန်တောင်သည် စန်ကျန်နှင့် တပည့် ၇ ဦး၏ သီးသန့်နေရာဟု သဘောထားကြသည်မဟုတ်ပါလား။



လင်တိနှင့် ကျင်ဝတို့ပြောနေကြသည့်စကားများကို နားထောင်ရင်း ကျိရှမ် မျက်မှောင်ကုပ်သွား၏၊ ကျင်ဝကို စိုက်ကြည့်လိုက်ပြီး

'မင်းရဲ့ဆရာက ဘာမှာလိုက်လဲ—

ဟု မေးလိုက်၏။

ကျင်ဝက ဦးညွှတ်လိုက်ပြီး....

'ဆရာက'

သူသည် ရှေ့ဆက်မပြောရဲသည့်ဟန်ဖြင့် ရပ်ထားသည်။
ကျိရှမ်မျက်မှောင်ကုပ်သွား၏။

'မင်းဆရာက တခြား မှာလိုက်တဲ့ကိစ္စတွေ ရှိသေးတယ်မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ....

'ဒါဖြင့် ပြောပါ....

'ကျွန်—ကျွန်တော်....

အားလုံးက ကျင်ဝကို အကဲခတ် ကြည့်နေကြ၏။ ကျင်ဝက မဝံ့မရဲဖြစ်နေဟန်ရှိ၏။

ကျုံ ရှမ်က

'မင်းဆရာက ဘာမှာလိုက်သေးလဲ ....

သုံးကြိမ်မြောက် မေးလာ၏။

သူ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

သူ၏စကားသံမှာ ထူးခြား၍ လျှို့ဝှက်သည့်အသံမျိုးဖြစ်၏။ ကျင်ဝကို မယုံသင်္ကာဖြစ်နေပုံမျိုးလဲဖြစ်၏။

ကရုဏာသက်၍ ကူညီလိုပုံမျိုးလဲရှိသည်။

သူ၏သဘောထားအမှန် မည်သို့ရှိသည်ကို သူကိုယ်တိုင်ပဲ သိနိုင်လိမ့်မည်ဖြစ်၏။

ကျင်ဝက

'ကျွန်....ကျွန်တော် ...



မပြောရဲဟန်ဖြင့် ထစ်ထစ်ငေါ့ငေါ့ရှိနေဆဲ ...

လူသန်ကြီးစန်တုံက မနေနိုင်တော့ဘဲ....

'ဟေ့ ကောင်လေး၊ မင်းဆရာက ဘာမှာသွားတယ်ဆိုတာကို ပွင့်ပွင့်လင်းလင်းပြောမှပေါ့၊ ဒါမှ တို့တတွေသိရမှာပေါ့

ဟု အားပေးလာလေသည်။

ချူ့ရောင်ကလည်း....

'ဟုတ်သားပဲ၊ ကောင်းသည်ဖြစ်ဖြစ် ဆိုးသည်ဖြစ်ဖြစ် ရဲရဲသာပြောချလိုက် ဘာမှစိုးရိမ်ဖို့မလိုဘူး—

ရှမ်အင်က—

'ဒီမှာရှိတဲ့လူတွေက မင်းဆရာရဲ့ ညီအစ်ကိုမောင်နှမတွေပဲ၊ ဘာမှအားနာဖို့မလိုဘူး'။ ကိုယ့်အချင်းချင်းတွေ ပြောစရာရှိတာ ရဲရဲသာပြောလိုက်

တစ်ယောက်တစ်ပေါက် ဝိုင်း၍တိုက်တွန်းကြမှ ကျင်ဝက

'ဆရာက ကျွန်တော့်အတွက် စိုးရိမ်နေပါတယ်၊ ဝူဘန်တောင်ပေါ်ကိုသွားပြီး ဂိုဏ်းတူ ဦးလေး အဒေါ်တွေဆီမှာ သိုင်းပညာ ဆက်သင်ဖို့ မှာသွားပါတယ်ခင်ဗျာ'

ဟု ပြော၍ ခေါင်းငုံ့ထားလိုက်သည်။

သူ၏စကားအဆုံးတွင် အားလုံး ငြိမ်ကျသွားလေသည်၊

တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြ၏၊ ကျိုရှမ်က သက်ပြင်းချလိုက်၏။

'အင်း....ညီမဝါက ရုတ်တရက် သေဆုံးတာဆိုတော့ တပည့်လုပ်သူကို ဘယ်လိုလုပ်စိတ်ချနိုင်မှာလဲ....

ဟု ရေရွတ်လိုက်၏။

ရှမ်အင်က

'ညီမဝါရဲ့ဆန္ဒကို အစ်ကိုကြီး ဘယ်လိုသဘောထားလဲ...

ဟု မေးလာသည်။





ကျင်ဖေး၏ ပြဿနာသည် သူတို့၏ပြဿနာ ဖြစ်လာချေပြီ။ ကျန်လူတို့ကလည်း ကျိုရှမ်ကို လှမ်းကြည့်လိုက်ကြသည်။

သူတို့၏ သိုင်းပညာနှင့် ပတ်သက်၍ ရွေးမဆွကပင် စောကတက်စရာများ ဖြစ်ခဲ့ရသည်မဟုတ်ပါလား။

ကျိုရှမ်က—

'အင်း—ညီမဝါက သူ့ရဲ့ဆန္ဒကို တပည့်ဖြစ်သူဆီကို လက်ဆင့်ကမ်းပေးသွားတာပဲ—

ဟု ပြောလေသည်။

သူ၏အသံသည် ဝါပေကို အပြစ်တင်သည့် သံသောမျိုး သက်ဝရောက်နေပါသည်။

ရှမ်အင်က....

'အစ်ကိုကြီး၊ ညီမဝါသေဆုံးသွားပါပြီ၊ ခုချိန်မှာ သူ့ကို အပြစ်တင်စကားမပြောသင့်တော့ပါဘူးရှင်'

ဟု ပြောလိုက်သည်။

လင်ထက်က ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ်၊ ပြီးသွားတဲ့ကိစ္စတွေကို မေ့လိုက်တ ကောင်းပါတယ်၊ သေသွားတဲ့ လူတစ်ယောက်ကို မကေ မပြောသင့်တော့ပါဘူး'

ကျန်လူများက ဘာမျှမပြောကြချေ။

သို့သော်....

စိုးရိမ်ပူပန်နေသည့်အသွင်များ ရှိကြသည်ကို ကျင် သတိပြုမိလိုက်သည်။

ထို့ပြင်....

သူ၏ဆရာကြောင့် အန္တရာယ်များသော လုပ်ရပ်တစ် လုပ်မိနေပြီး အချိန်မရွေး ဒုက္ခရောက်နိုင်သည့်အဖြစ်ကိုလ

ချင်ခြင်မိလိုက်သည်။

ကျိုင်ဝှက်မှာ အသက်ပင်မရှူဝံ့အောင် ဖြစ်သွားသ

ရှမ်အင်နှင့် လင်တီတို့က ဝေဖန်လိုက်ကြသဖြင့်ကျ မျက်နှာ ထက်ထန်တင်းမာသွားသည်။



ရှမ်အင်တို့အား ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

ရှမ်အင်နှင့် လင်တီတို့ကမူ ကျိုရှမ်နှင့် မျက်နှာချင်းမဆိုင် ဘဲ မျက်နှာလွှဲထားလိုက်ကြသည်။

ကျိုရှမ်သည် တစ်ခဏစိုက်ကြည့်လိုက်ပြီးမှ သက်ပြင်းချ လိုက်၏၊ တင်းမာခက်ထန်နေသောအသွင်များလည်း ချက် ချင်းပင် ပျောက်ပြောင်းသွား၏။

'ကျုပ်က ညီမငွေ့ကို အပြစ်တင်တာမဟုတ်ပါဘူး၊ သူ ဟာ ကွယ်လွန်သွားသည့်တိုင် ဆရာဖြစ်သူရဲ့စကားကို နား မထောင်ဘဲ သူဖြစ်ချင်တဲ့ဆန္ဒအတိုင်းဖြစ်အောင် ကြိုးစားခဲ့ တာကို သဘောမကျလို့ပါ'

ဟု ပြောလေသည်။

ရှမ်အင်က....

'ညီမငွေ့ဟာ တစ်ဦးပညာ တစ်ဦးမလေ့လာရဘူးလို့ ဆရာပြောခဲ့တာကို နားမထောင်ဘဲ ကျန်တဲ့လူတွေနဲ့ ပညာ ချင်း ဖလှယ်ကြည့်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် တယ်သူက မှ လက်မခံကြ၊ သူ လက်လျှော့သွားခဲ့တာပဲ မဟုတ်လား၊ အခု သူ သေသွားပါပြီ၊ သူ့ရဲ့ဆန္ဒ ဘယ်တော့မှ ပြည့်ဝနိုင် တော့မှာ မဟုတ်ပါဘူး'

လင်တိက….

'သူဟာ ရုတ်တရက် ကွယ်လွန်သွားခဲ့တာဆိုတော့ သားသမီးလိုဖြစ်နေတဲ့ တပည့်ဖြစ်သူအပေါ်မှာ ဘယ်နည်းနဲ့မှ စိတ်ချနိုင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် သူ့ရဲ့တပည့်ကို မြေတောင်မြှောက်ပေးနိုင်မယ့် ကျုပ်တို့ဆီကို စေလွှတ်လိုက်တာပဲ ဖြစ်ပါလိမ့်မယ်'

ရှမ်အင်က….

'ဟုတ်တယ် အစ်ကိုကြီး၊ သူမရှိတော့ ငါးဆိုလို့ မျက်နှာငယ်နေရတဲ့ သူ့ရဲ့တပည့်ကို ကျွန်မတို့ဆီကိုမလွှတ်ရင် ဘယ်သူ့ဆီကို လွှတ်ရမှာလဲရှင်'

ရှမ်အင်နှင့် လင်တိတို့က မိမိအတွက် ဖောကွယ်ပြောဆိုနေသည်ကိုတွေ့ရလျှင် ကျင်ဝှက် ဝမ်းသာသွား၏၊ ရှမ်အင်တို့၏ စကားကို ကျန်လူများကလည်း ထောက်ခံလိုက်ကြသောအခါ ပို၍ဝမ်းသာသွားသည်။

ကျုံရှမ် သက်ပြင်းချလိုက်သည်။

လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်ပြီး….

'ကောင်းပြီ….ကောင်းပြီ၊ အားလုံးနားထောင်ကြပါ'



ဟု ပြောလိုက်၏။

အားလုံး ငြိမ်သက်သွားကြသည်။

ကျုံရှမ်ပြောမည့်စကားကို နားစွင့်နေလိုက်ကြလေ၏၊ ကျုံရှမ်က တည်ကြည်သောမျက်နှာထားဖြင့်….

'ညီမဝှာဟာ ဆရာ့စကားကိုနားမထောင်ဘဲ တခြားပညာသင်ဘက်တွေရဲ့ပညာကိုလေ့လာဖို့ ပညာချင်းဖလှယ်ဖို့ အမျိုးမျိုးဆော်သြခဲ့တယ်၊ ကျုပ်က သူ့ကို တားမြစ်ဆုံးမခဲ့လို့သာ သူ လက်လျှော့သွားတာဖြစ်တယ်၊ ခုတော့ သူမရှိတော့ဘူး၊ ဒါပေမယ့် သူ့တပည့်ကျန်ရစ်ခဲ့သေးတယ်၊ သူ့တပည့်ကို ကျုပ်တို့ဆီကိုလွှတ်လိုက်တော့ ဘာပဲဖြစ်ဖြစ် ကျုပ်တို့မှာ တာဝန်ရှိလာပြီ၊ ကျင်ဝှက်ကို ကူညီစောင့်ရှောက်ရတော့မယ်'

အားလုံးက သဘောတူ ထောက်ခံလိုက်ကြလေသည်။

ကျင်ဝှက် ဝမ်းသာသွားသည်။

သူ၏အကြံအစီ ပထမအဆင့် အောင်မြင်သွားပြီ မဟုတ်ပါလား'

'ကျောင်ဝှက်ကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် ကျုပ်တို့ ကူညီစောင့်ရှောက်ကြမယ်ဆိုရင် သူ့ကို သိုင်းပညာ သင်ပေးဖို့ပဲရှိတယ်၊ သူ့ရဲ့ဆရာကိုယ်တိုင်ကလည်း ဒီလိုရည်ရွယ်ချက်နဲ့ ကျုပ်တို့ဆီကို လွှတ်လိုက်တာပဲဖြစ်မယ်'

သူသည် ကျောင်ဝှက်ကိုကြည့်လိုက်ပြီး....

'ငါပြောတာ မှန်ရဲ့လား'

ဟု မေးလိုက်သည်။

ကျောင်ဝှက် ဦးညွှတ်လိုက်သည်။

'မှန်ပါတယ်ခင်ဗျာ၊ ဆရာက ကျွန်တော့်ကို ဆုံးခန်းတိုင်အောင် မသင်ပေးနိုင်တော့တဲ့အတွက် ရှေ့ဆက် သင်ပေးနိုင်မယ့်လူတွေဆီကို သွားရမယ်လို့ ပြောပါတယ်'

ကျိုရှမ်က....

'မင်းကို ညီမဝှာက ပညာတစ်ပိုင်းတစ်စ သင်ပေးထားပြီးပြီဆိုတော့ ကျုပ်တို့က ဆက်ပြီးသင်ကြားပေးရရင် သိုင်းပညာရပ်တိုင်း တူနိုင်တော့မှာမဟုတ်လို့ မင်းအနေနဲ့ ဟိုမရောက် ဒီမရောက်ဖြစ်ပြီး ပိုဆိုးသွားမှာ သေချာတယ်'



ကျောင်ဝှက် ရင်ထိတ်သွားရပြန်သည်။

သူ့အပေါ် ကရုဏာသက်နေသည့် ရှမ်အင်ကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

ရှမ်အင်က....

'ကျွန်မမှာ အကြံတစ်ခုရှိတယ်'

ဟု ပြောလာ၏။

ကျိုရှမ် ခေါင်းညိတ်လိုက်သည်။

'ပြောပါ ညီမ'

ရှမ်အင်က—

'သူက ညီမဝှာရဲ့ပညာကိုသင်ထားတော့ တခြားလူရဲ့ပညာကို ထပ်သင်ရမယ်ဆိုရင် သင်ပေးတဲ့လူတွေဟာ ဆရာ့စကားကို မလိုက်နာဘဲ ဖျောက်ဖျက်သွားသလို ဖြစ်မှာကို အစ်ကိုကြီး စိုးရိမ်နေတာ မဟုတ်လား'

ကျိုရှမ်က

'စိုးရိမ်တာမဟုတ်ဘူး၊ ဒါ ဖောက်ဖျက်တာပဲ'

ရှမ်အင်က....

'ဖောက်ဖျက်သလို မဖြစ်ရအောင် ကျွန်မ အကြံရှိတယ်'

'ပြောစမ်းပဦး'

'ညီမဝှာရဲ့ ဆန္ဒလဲပြည့်ဝရအောင် ဆရာ့စကားကိုလဲ ဖောက်ဖျက်သလိုမဖြစ်ရအောင် ကျွန်မတို့အားလုံးဟာ ကိုယ်ကျွမ်းကျင်တဲ့ပညာကို အကုန်သင်မပေးဘဲ အကောင်းဆုံး သိုင်းကွက်တစ်ကွက်စီကို ထုတ်နုတ်ရွေးချယ်ပြီး သင်ပေးလို့ မဖြစ်ဘူးလား'

ကျိုရှမ်က ဘာမှမပြောမီ လင်တိုက ထောက်ခံလိုက်၏၊

'သိပ်ကောင်းတာပေါ့၊ တစ်ဦးစီတစ်ဦးစီ အကောင်းဆုံး သိုင်းကွက်တစ်ကွက်စီ သင်ပေးလိုက်မယ်ဆိုရင် စုစုပေါင်း သိုင်းခြောက်ကွက်ရမယ်၊ ညီမဝှာလင်ပေးခဲ့တဲ့ ကိုယ်ဖော့ပညာနဲ့ ပေါင်းစပ်လိုက်ရင် သိုင်းလောကမှာ ကောင်းကောင်းကြီး ရပ်တည်နိုင်ပြီပေါ့'

ရှမ်အင်က—



'သိုင်းတစ်ကွက်စီ သင်ပေးတာလောက်နဲ့ ဆရာ့စကားကို ဖောက်ဖျက်ရာမကျနိုင်ပါဘူး၊ ကျွန်မတို့ဟာ ညီမဝှာကို ဂုဏ်ပြုတဲ့အနေနဲ့ သိုင်းတစ်ကွက်စီ လက်ဆောင်ပေးတဲ့သဘောမို့ ဆရာရှိရင်တောင် ခွင့်လွှတ်မယ့်အပြင် သဘောကျသွားဦးမှာ'

လင်တိုက....

'ဟုတ်ပါတယ်၊ သိုင်းတစ်ကွက်သင်ပေးတာ လက်ဆောင်ပေးတာ၊ သိုင်းပညာရပ်တစ်ခုလုံး သင်ပေးတာ မဟုတ်တော့ ဆရာ့စကားကို ဖောက်ဖျက်ရာ မကျနိုင်ပါဘူး၊ ဆရာလဲကျေနပ်မယ်၊ ညီမဝှာလဲကျေနပ်မယ်၊ ရှဉ့်သဲလျှောက်သာ ပျားလဲစွဲသာဆိုတဲ့ သဘောပါပဲ'

ကျန်လူများက သဘောတူထောက်ခံလိုက်ကြ၏၊ ကျိုရှမ်လည်း သဘောတူလိုက်ရလေသည်။

'ကောင်းပြီလေ၊ ညီမတို့ပြောတဲ့အတိုင်း ဆောင်ရွက်ကြတာပေါ့၊ ကျင်ဝှက်....'

ကျင်ဝှက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကျိုရှမ်ကို ဦးညွှတ်လိုက်ပြီး....

'မိန့်ရှိပါ ခင်ဗျာ'

ဟု ပြောလိုက်သည်၊

ကျော်ရှမ်က—

'မင်းကို ငါတို့ခြောက်ယောက်က အကောင်းဆုံး သိုင်းတစ်ကွက်စီ သင်ပေးမယ်၊ မင်း ဘယ်လိုသဘောရသလဲ'

ကျင်ပွက်က..

'ကျွန်...ကျွန်တော် ဦးတို့ရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိပါဘူး ခင်ဗျာ

ဟု တုန်ယင်သောလေသံဖြင့် ပြောလိုက်သည်။

ကျော်ရှမ်က....

'မင်းတို့အားလုံးရော ကျေနပ်ကြတယ် မဟုတ်လား'

ရှမ်အင်တို့ကို မေးလိုက်သည်။

အားလုံးက ကျေနပ်ကြောင်း ပြောကြလေသည်။



ကျော်ရှမ်က—

'ကဲ....ကျင်ပွက်ကို ဘယ်သူ အရင်ဆုံး တာဝန်ယူမလဲ'

ဟု မေးလိုက်သည်။

ညှိထွဋ်....

'ကျုပ် တာဝန်ယူမယ်'
မုရုံက ပြောလာ၏။

တာဝန်ယူမည့်သူရှိပြီဖြစ်၍ ကျန်လူတို့က ဘာမှမပြောပါ။

ကျော်ရှမ်က

'ကောင်းပြီ၊ မုရုံက တာဝန်ယူတယ်ဆိုရင် ဘာမှ အခက်အခဲမရှိတော့ပါဘူး၊ ဒီကနေ့ ကျုပ်တို့ ဝူတန် တောင်ပေါ်လာကြတာ အတော်ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့လိုက်ရတာပါပဲ ကျင်ဝ'

'ဟုတ်ကဲ့ခင်ဗျာ'

'မင်းက အမှတ်လေး မုရုံနောက်ကို လိုက်သွားပါ၊ သူက မင်းကို ဘာဝန်ယူ သင်ကြားပေးလိမ့်မယ်'

'ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ယခု ကျောင်းအား မုရှုံကတာဝန်ယူလိုက်ပြီဖြစ်၍ ပြဿနာ တရပ် ပြေလည်သွားပြီဟု ဆိုနိုင်သည်။

အချိန်များ ကုန်ဆုံးသွားသည်။

နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ် သွားပြီဖြစ်၏။

အလင်းရောင် တဖြည်းဖြည်း မှေးမှိန်၍ အမှောင် ထုက အစားထိုး ဝင်ရောက်လာ၏။

ကျုံရှမ်က
'ကဲ....အားလုံး လမ်းခွဲစို့'
ဟု ပြောလိုက်လေသည်။

၀ ၀ ၀

နေဝန်းနီ ပျောက်ကွယ်သွားပြီ ဖြစ်၏။
များမကြာမီ ကောင်းကင်ပေါ်၌ လသာန်းထွက်လာမှ လ ရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းချင်းသွားမည်၊



လရောင်အောက်တွင် ဝူတန် တောင်ပေါ်မှာ သဘာဝ အလှအပတို့နှင့် သာယာလှပနေ၏၊

ဝူတန်တောင်ပေါ်သို့ ရောက်လာကြသည့် ကျုံရှမ်တို့ ခြောက်ဦးသည် ဆင်းသွားကြပြီ ဖြစ်၏၊

တောင်ပေါ်တွင် လူသူရှင်းသွား၏။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်လာသည့်အခါ မွှေးကြိုင် သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာ၏။

ယင်းအချိန်မှာပင်—

လူရိပ်တစ်ခုသည် တောင်ပေါ်သို့ ရောက်ရှိလာသည်။

ထိုလူရိပ်သည် မကောင်းဆိုးဝါးလို လွင့်မျောလာသည်ဟု ထင်မှတ်ရသည်။

ထိုလူရိပ်က စန်ကျန်၏ ကျောက်စာတိုင် ရှေ့သို့ ရောက် လျှင် ခြေလှမ်းရပ်တန့်မိ၏၊

ကျောက်စာတိုင်ရှေ့၌ ဒူးထောက်ချ၏။
ရှုတ်တရက်
ငိုသံသဲ့သဲ့ ထွက်ပေါ်လာ၏။

ထိုလူရိပ်သည် ဒူးထောက်၍ ရှိုက်ကြီးတငင် ငိုကြွေးနေခြင်းပေတကား။

ထိုလူမှာ ဝါပေဖြစ်ပါ၏။

သူမ၏ မျက်ဝန်းအစုံ၌ မျက်ရည်များ စီးကျနေသည်၊

အတန်ကြာ ငိုကြွေးပြီးမှ မျက်ရည်ကို သုတ်ပစ်သည်။

ကမ္ဘည်းတိုင်ကို ကြည့်ရင်း —

'ဆရာ....လောကပေါ်မှာ အဲ့တုနှိုင်းမရှိတဲ့ ဆရာဟာ ကွယ်လွန်သွားပါပြီ၊ သိုင်းလောကမှာ ခုချိန်ထိ ဆရာလို လူစားမျိုး ပေါ်ထွက် မလာနိုင်သေးပါဘူး၊ ဆရာဟာ သိုင်းပညာနဲ့ ပတ်သက်လာရင် ပြိုင်ဘက် ကင်းလှပါတယ်၊ ဒါပေမယ့်...

သူမသည် သက်ပြင်းတစ်ချက် ရှိုက်ပြီးမှ စကားဆက်၏။

'ဆရာရယ်၊ ကျွန်မတို့က ဆရာ့တပည့်တွေပါ၊ ဆရာသင်ပေးတဲ့ သိုင်းပညာရပ် တစ်မျိုးတည်းကိုပဲ လေ့ကျင့်အောင်မြင်သင့်ရဲ့လား၊ ဆရာလို စွယ်စုံ ထူးချွန်တဲ့ သိုင်းသမားကြီး တစ်ဦးဖြစ်လာအောင် မကြိုးစားသင့်ဘူးလား ဆရာ၊ ကျွန်မကို ခွင့်လွှတ်ပါတော့၊ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ ဆရာ့တပည့်တစ်ဦး ပေါ်ပေါက်တာကို ဝမ်းသာပါတော့



ထို့နောက် ဝါပေသည် ရှုးသွပ်နေသူအလား ကျောက်တိုင်အား ဖျက်ဆီးပစ်လိုက်၏။

ထိုမျှမကဘဲ ကျောက်တုံးနံရံ အဲ့လယ်မှ စန်ကျန်၏ရုပ်ကို ဖျက်ဆီးပစ်၏။

ပြီးနောက် သစ်ကိုင်း ခြောက်တို့ကို စုံဆောင်း၍ ဂူတံခါးထိပ်အား မီးရှို့ပစ်သည်။

သူမသည် စိတ်တိုင်းကျ ဖျက်ဆီးပစ်ပြီး....

'သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမားကြီး စန်ကျန် သေဆုံးသွားပြီ၊ သူဟာ ပြိုင်ဘက်ကင်းဆိုတဲ့ဘွဲ့ကို ကမလွန်ထိ ယူသွားလို့ မရနိုင်ပါဘူး၊ မကြာခင် ပြိုင်ဘက်ကင်း သိုင်းသမားတစ်ဦး ပေါ်လာလိမ့်မယ်၊ အဲ့ဒီလူဟာ ငါပဲ'

အသံကျယ်ကျယ်ဟစ်၍ ကြုံးဝါးလေ၏။

ဝါပေ၏ အသွင်က ထူးခြားစွာ ပြောင်းလဲနေပြီဖြစ်၏။

သူမသည် သိုင်းပညာနှင့် ပတ်သက်၍ လွန်ကဲသော စိတ်ဖြင့် အရူးအမူး ဖြစ်နေသည်။

လူတစ်ဦးသည် အတ္တအစွန်း ရောက်လာသောအခါ ရှူး သွပ်သူကဲ့သို့ ဖြစ်သွားတတ်သည် မဟုတ်ပါလော။

မှန်ပေသည်။

ဝါပေသည် ရူးသွပ်နေပြီဟု ဆိုနိုင်ပေသည်။

၀ ၁ ၀

## အရက်သမား

ဤနေရာသည် တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းသာယာ သော နေရာတစ်ခု ဖြစ်သည်။

မှုရှိုပိုင်သည့် နေရာဟုလည်း ဆိုနိုင်၏။

သူသည် ကျောင်ဝအား တာဝန်ယူ၍ ခေါ်သွား၏။

ကျောင်ဝလည်း လိုက်ပါသွားရာ မှုရှိနေထိုင်ရာသို့ ရောက်ရှိ လာခြင်းဖြစ်၏။

မှုရှိသည် ဟန်ကျူးမြို့ပြင်ရှိ တောအုပ်ထဲ၌ အိမ်ကလေး တစ်လုံး ဆောက်လုပ်နေထိုင်ခြင်း ဖြစ်သည်။

သူ၏ အိမ်လေးသည် သေးငယ်သော်လည်း နေ့ချင်စဖွယ် ကောင်းသည်။

သို့သော်

ကျင်ဝအတွက် အခက်ကြုံရသည်မှာ အိပ်စရာ မရှိအော ဆိမ်ထဲ၌ အရက်အိုးများ ပြည့်နေခြင်း ဖြစ်ပါသည်။

သူက ကျင်ဝ အခက်ကြုံနေသည်ကို ကြည့်၍ သဘောကျ စွာ ရယ်မိသည်။

'ဟား ဟား ဟား ဘာလဲ မင်းအတွက် နေစရာ ထို စရာ ကျဉ်းကြပ်နေလို့လား၊ မပူပါနဲ့ကွာ၊ မင်းက စား ပေါ်မှာအိပ်၊ ငါက အရက်အိုးတွေပေါ်မှာ အိပ်မယ်'

'ဗျာ'

မုရှံ၏ စကားကြောင့် ကျင်ဝ ပါးစပ် အဟောင်းသာ ဖြစ်မိ၏။

သူကတောင်ပုံရာပုံရှိသည့် အရက်အိုးများကိုလက်ဝှေ့ပြ

'ဒီအရက်အိုးတွေကို ရှင်းပစ်လိုက်ရင် ကျယ်ဝန်းလိမ့်မ လို့ မင်းထင်နေတယ် မဟုတ်လား'



ကျင်ဝက မဝံ့မရဲဖြင့်....

'ဟုတ်–ဟုတ်ပါတယ်'

'ဟား ဟား ဟား မင်း အဲဒီလိုထင်ရင် မှားသွားလိမ့် မယ်ကွ'

သူက ပါးစပ်ပိတ်ထား၏။

မုရှံက ဆက်ပြောသည်။

'ကျင်ဝ....ဒီအိုးတွေဟာ နှယ်နှယ်ရရ မဟုတ်ဘူး၊ တစ်အိုး မှ အလွတ်မရှိဘူးကွ၊ နည်းနည်းရှိတာနဲ့ များများရှိတာပဲ ကွာတယ်၊ ပြီးတော့ တစ်အိုးနဲ့ တစ်အိုး တူတာမဟုတ်ဘူး၊ တချို့က ဆေးမြစ်တွေထည့်ထားတာ၊ တချို့ကျ ပန်းပွင့်၊ တချို့ကျတော့ မြွေတွေ ကင်းမြီးကောက်တွေ၊ တချို့ကျ ကြွေးသေး ကျောက်သွေး-အို အိုးတိုင်းလိုလို တစ်ခုမဟုတ်တစ် ခုထည့်ပြီး အရက်စိမ်ထားတာပဲကွ၊ ဒီတော့ ဘယ်လို လုပ် ပြီး ရှင်းပစ်လို့ ရမှာလဲ၊ မဟုတ်ဘူးလားကွာ'

ကျင်ဝ သက်ပြင်းချမိသည်။

သူသည် အရက်ကို အသွန်ကြိုက်သူဖြစ်ကြောင်းထင်ရှား နေပါ၏။

မုရှံက–

'မင်း ငါနဲ့နေရင် သိုင်းပညာတတ်မှာ မနောက်၊ အရက်သမား အရင်ဖြစ်သွားလိမ့်မယ်၊ ဟား ဟား ဟား'

ရယ်မောချင်း အရက်တစ်လုံးကို ဆွဲယူ မော့သောက်၏။
ကျင်ဝ ပြုံးလိုက်၏။

သူက မုရှံအား စိတ်မပျက်ပါ။

သူ့အား စိတ်လိုလက်ရ ခေါ်လာသည်ကိုပင်ကျေးဇူးတင်မိသည်။

မုရှံနှင့် ရင်းနှီးအောင် ပေါင်းသင်း ဆက်ဆံရမည်။

ထို့ပြင် သူသင်ပေးသည့် သိုင်းကွက်ကို သေချာကြိုးစားလေ့ကျင့်ရန် ဆုံးဖြတ်မိ၏။

မုရှံက သူ့အပေါ် ယုံကြည်စိတ်ချပြီဆိုပါလျှင်....

သူတွေးတောနေစဉ်မှာပင် မုရှံ၏ စကားသံ ထွက်ပေါ်လာသည်။



'ကျင်ဝ ကိုယ့်အိမ် ကိုယ့်ယာလို သဘောထားပြီး နေပေတော့၊ တစ်ရက်နှစ်ရက်လောက် နားပြီးမှ သိုင်းသင်ကြတာပေါ့၊ မကောင်းဘူးလား'

ဟု ပြော၏။
'ကောင်းပါပြီ ခင်ဗျာ'
သူက သဘောတူလိုက်ရသည်။

Z Z Z

မုရှံ....

မုရှံသည် အရက် အလွန်ကြိုက်သူ ဖြစ်သည်။

နေ့ရောညပါ တစ်ခွက်ပြီး တစ်ခွက် သောက်နေတတ်သူဖြစ်လေသည်။

သူ၏ ပါးစပ်မှ အရက်နံ့ကို အမြဲလိုရနေ၏။

မျက်လုံးများလည်း အမြဲနီရဲနေ၏။

သို့သော်

သူသည် စန်ကျန်၏ တပည့်တစ်ဦးဖြစ်သလို လက်နက်ပုန်း၊ ပညာနှင့် ပတ်သက်လာလျှင် ပြိုင်ဘက်ကင်းသူလည်း ဖြစ်၏၊

ကျင်ဝသည် မုရှံထံသို့ ရောက်လာပြီးနောက် သူ၏ဝေယျာဝစ္စမှန်သမျှကို မညည်းမညူ ဆောင်ရွက်လေ၏။

သူက ပျော်ပျော်နေတတ်သည်၊သဘောကောင်းသူလည်း ဖြစ်၏။

ကျင်ဝ ရောက်ရှိလာ၍ ၃ ရက်မြောက်သည့် နေ့တွင် မုရှံသည် သိုင်းပညာသင်ပေးမည့် အရေးကို စကားစလာသည်၊

သာယာသော နေ့တစ်နေ့ ဖြစ်သည်။

နေရောင်ခြည်သည် နွေးထွေးစွာ ကျရောက်လာသည်၊

ကျေးငှက်တို့သည်လည်း နံနက်ခင်း စတေးကို သီကျူး၍ နေ့သစ်ကို ကြိုဆိုကြသည်။

ရောင်စုံပန်းတို့သည်လည်း ငွားငွား စွင့်စွင့် ပွင့်၍ မွှေးကြိုင်သော ရနံ့တို့ဖြင့် လောကကို တန်ဆာ ဆင်နေကြ၏၊

ထိုအချိန်ဝယ် သစ်လုံးအိမ်လေးရှေ့၌လူနှစ်ယောက်ရှိ၏၊ ကျင်ဝနှင့် မုရှံတို့ ဖြစ်လေသည်၊



မုရှံသည် လက်ထဲ၌ အရက်တစ်အိုးကို ကိုင်ထား၏၊

သူ၏ ခန္ဓာကိုယ်သည် ယိမ်းယိုင်နေသည်။

သို့သော်

သူ၏ မျက်နှာ ကြည်ကြည်လင်လင် ရှိနေ၏။

ကျင်ဝကို ပြုံးစစဖြင့်ကြည့်ရင်း....

'ငါက မင်းကို သိုင်းတစ်ကွက်သင်ပေးမယ်လို့ ကတိပြုဖူးတယ်ဆိုတာ မင်းသိတယ်နော်'

ကျင်ဝက ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်ခင်ဗျာ'

မုရှံက

'ဆရာက ငါ့ကို လက်နက်ပုန်းပညာ သင်ပေးတယ်ဆိုတာ မင်းဆရာက မပြောပြဘူးလား'

ကျင်ဝက

'ဟုတ်ကဲ့၊ ပြောပြပါတယ်ခင်ဗျာ'

'အေး၊ ငါ့ရဲ့အကျွမ်းကျင်ဆုံးပညာက လက်နက်ပုန်းပစ်ပညာပဲ၊ ဒီတော့ ငါတတ်ထားတဲ့ပညာထဲက အကောင်းဆုံး တစ်ကွက်ကိုသင်ပေးမယ်'

ကျင်ဝက

'ဦးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်မှာ မဟုတ်ပါဘူးခင်ဗျာ'

ဟု လှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

'ဟား ဟား ဟား'

မုရှုံက ရယ်လိုက်သည်။

'ကျေးဇူးတင်ဖို့မလိုပါဘူးကွာ၊ မင်းဆရာရဲ့ဆန္ဒ ပြည့်ဝသွားအောင် ငါတို့ ဖြည့်ဆည်းပေးရမှာပေါ့၊ ကဲ…မင်းကို သင်မပေးခင် ရှင်းပြရဦးမယ်'

ဟု ပြော၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံသည် သစ်ပင်တစ်ပင်ဆီသို့ ရောက်သွား၏။



ထိုသစ်ပင်တွင် နီရဲသောသစ်သီးကလေးများ သီးနေ၏။

မုရှုံ ခေါင်းညိတ်လိုက်သည်။

'လက်နက်ပုန်းဆိုတာ လျှို့ဝှက်ထားတဲ့ လက်နက်တစ်ခုခုကို ရန်သူမရိပ်မိအောင် ထုတ်သုံးတဲ့ ပညာရပ်မျိုးတစ်ခု ဖြစ်တယ်'

'ကိုယ်က လက်နက်ထုတ်သုံးမှာကို ရန်သူသိနေပြီဆိုရင် ဘာများအသုံးကျတော့မှာလဲ၊ ဒါကြောင့် ကိုယ်သလက်နက် ထုတ်သုံးရင် ရန်သူမသိစေရဘူး၊ ဒါဟာ ပထမအချက်ပဲ၊ မင်း မှတ်ထားပါ….

ကျင်ဘက

'ဟုတ်ကဲ့ပါဆရာ'

ဟု ပြောလိုက်ရာ မုရှုံက ချက်ချင်း လက်ကာပြသည်။

'ဟေ့၊ —ဟေ့၊ ငါ့ကို ဆရာလို့ မခေါ်ပါနဲ့၊ ငါက မင်းရဲ့ ဆရာ ဖြစ်ရလောက်အောင် အရည်အချင်း မရှိသေးပါဘူးကွာ'

'တကယ်လို့များ မင်းက ရင်းရင်းနှီးနှီး ခေါ်ချင်ရင် ဦးလေးမုလို့ခေါ်ပေါ့၊ ဟုတ်ပြီလား'

ကျင်ဝက

'ကောင်းပါပြီဦးလေးမု'

ဟု ပြောလိုက်လေသည်။

မုရှံက

'လက်နက်ပုန်းဆိုတာ ထုတ်သုံးရင် ရန်သူ မသိစေရဘူး၊ ပြီးတော့ ကိုယ်က အသုံးပြုလိုက်တာနဲ့ လိုရာပစ်မှတ်ကိုထိအောင်ပစ်နိုင်ရမယ်၊ ဒါကဒုတိယအချက်ပဲ....

'ဟုတ်ကဲ့၊ ဦးလေးမု'

'အေး — လိုရာပစ်မှတ်ကိုထိဖို့ဆိုတာ အလေ့အကျင့်နဲ့ကြိုးစားမှုအပေါ်မှာမူတည်တယ်၊ လက်နက်ပုန်းပစ်ခတ်ပုံ နည်းစနစ်က အဓိကအကျဆုံးပဲ၊ ကဲ—ကြည့်ပါ'

စကားဆုံးလျှင် အရက်အိုးကို ယာဘက်လက်ထဲကိုင်ထားရာမှ ဝဲဘက်လက်သို့ ပြောင်းကိုင်လိုက်သည်။



ထိုနောက် ထူးခြားသောလှုပ်ရှားမှုမရှိတော့ပေ။

ကျင်ဝက မုရှံ မည်သို့ ပစ်ခတ် အသုံးပြုမည် ဆိုသည်ကို မျက်တောင်မခတ် အကဲခတ်ကြည့်နေပါသည်။

မုရှံက လုံးဝ လှုပ်ရှားခြင်းမပြုဘဲ သူ့ကို ပြုံး၍ ကြည့်နေသဖြင့် ကျင်ဝ ကြောင်အမ်းအမ်းဖြစ်သွားပြီး —

'ဦးက လက်နက်ပုန်းထုတ်သုံးမယ်ဆို'

ဟု မေးလိုက်လေသည်။

'ဟား ဟား ဟား'

မုရှံက သဘောကျစွာရယ်လိုက်ပြီး—

'ငါက လက်နက်ပုန်းကို ထုတ်သုံးပြီးပြီလေကွာ'

'ဗျာ....'

မမျှော်လင့်သော စကားကြောင့် ကျင်ဝ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

မုရှိက နီရဲသောသစ်သီးလေးတို့ သီးနေသည့် သစ်ပင်ဆီသို့ ညွှန်ပြလိုက်ပြီး—

'မင်းမယုံရင် အဲဒီသစ်သီးလေးတွေကို ကြည့်ပါလား'

ဟု ပြောလေသည်။

သစ်ပင်ပေါ်တွင်ရှိနေသော သစ်သီးလေးများအား မြေပြင်မှကြည့်ဖို့ မလွယ်ပါချေ။

မုရှိက ကြည့်ခိုင်းသည်မှာ သူ၏ ကိုယ်ဖော့ပညာကို စမ်းသပ်လိုက်ခြင်းလည်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထိုကြောင့်....

'ကောင်းပါပြီ၊ ကျွန်တော် စစ်ဆေးကြည့်လိုက်ပါမယ်'

ဟု ပြောကာ မြေပေါ် ခြေတစ်ချက် ဆောင့်လိုက်၏၊ သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ထိုးတက်သွားပြီး သစ်ကိုင်းတစ်ကိုင်းပေါ်သို့ ရောက်ရှိသွားသည်။

အမှန်တော့....



ကျောင်ဝှက်သည် ဝှာပေထံမှ ပညာကုန်ရထားပြီးဖြစ်ရာ မြေပေါ် ခြေဆောင့်စရာမလိုဘဲ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် သစ်ပင်ပေါ်သို့ရောက်သွားအောင် စွမ်းဆောင်နိုင်ပါသည်။

သို့သော်....

ထိုသို့ ထုတ်ဖော်အသုံးပြုလိုက်လျှင် သူ၏ ပညာအဆင့်အတန်းကို မုရှိက ရိပ်မိသွားမည်ဖြစ်ရာ ကျောင်ဝှက်က တမင်လျှို့ထားလိုက်ခြင်းဖြစ်သည်။

သစ်ကိုင်းပေါ် သို့ရောက်သွားပြီး အနီရောင်သစ်သီးလေးများအား စစ်ဆေးကြည့်လိုက်သည်။

ထိုအခါ....

သစ်သီးကလေးများအပေါ်၌ အပ်ကလေးများ စိုက်ဝင်လျက်ရှိသည်ကို တွေ့ရသည်။

သစ်သီးတစ်လုံးတွင် အပ်တစ်ချောင်းကျ စိုက်ဝင်နေခြင်းဖြစ်၏၊ ကျောင်ဝှက်က သစ်ပင်ပေါ်မှ ပြန်လည်ခုန်ဆင်းလိုက်၏၊

မုရှံက....

'မင်းရဲ့ကိုယ်ဖော့ပညာက ထိပ်တန်းပဲဟေ့'

ဟု ချီးကျူးလေသည်။

ကျင်ဝှက်က....

'ဆရာက သိုင်းလောကမှာ မြှိုင်ဘက်ကင်းတဲ့ ကိုယ်ဖော့ပညာကို သင်ကြားပေးမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ကျွန်တော် ဆုံးခန်းတိုင်အောင် မသင်ရသေးခင်မှာ ဆရာက ကွယ်လွန်သွားတာ အခတော်ကို ကြေကွဲဖို့ကောင်းပါတယ်'

ဟု ဝမ်းနည်းကြေကွဲသောလေသံဖြင့် ပြောလိုက်လေ၏၊ သူ၏မျက်နှာကိုလည်း ညှိုးနွမ်းနေသည့်အသွင် ပြုလုပ်ထားလိုက်သည်။

မုရှံက သက်ပြင်းချလိုက်သည်။

'အင်း.... ညီမဝှာအတွက် ငါလဲ စိတ်မကောင်းပါဘူးကွာ၊ ကဲ....လက်နက်ပုန်းအကြောင်း ဆက်ရအောင်'



'ဟုတ်ကဲ့ ခင်ဗျ'

'လက်နက်ပုန်းကို အသုံးပြုတဲ့နေရာမှာ အသုံးပြုပုံ အရေးကြီးသလို သတ်မှတ်ကိုရွေးချယ်သတ်ဖို့လဲ အရေးကြီးတာကွ၊ ပစ်မှတ်ဟာ အဝေးအရှင်ဆိုတာရှိတယ်၊ မင်းသွားကြည့်ခဲ့တဲ့ သစ်သီးပေါ့၊ ဒါဟာ ပစ်မှတ်ပေါ့၊ ပစ်မှတ်ရှင်ကတော့....'

ထိုစဉ် သူတို့၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသော ငှက်တစ်အုပ်ကို ညွှန်ပြလိုက်သည်၊

'အဲဒီငှက်တွေကို ကြည့်စမ်း'

ကျင်ဝှက်က မော့ကြည့်လိုက်သည်။

ထိုအချိန်မှာပင်....

'ဖုန်း-ဖုတ်-ဖုတ်'

ငှက်ငါးကောင်သည် အောက်ဘက်သို့ ထိုးကျလာသည်ကို တွေ့မြင်လိုက်ရသည်။

'ဟာ'

9 ကျင်ဝှက် လွှတ်ခနဲ အော်လိုက်သည်။

မုရှိ ရယ်မောလိုက်သည်။

'အဲသည်ငှက်တွေကိုကောက်ပြီး မီးကင်လိုက်ရအောင်။ အရက်နဲ့ မြည်းရအောင်'

ဟု ပြောလေသည်။

Z Z Z

မီးပုံတွင် မီးက တဖျစ်ဖျစ်မြည်ကာ တောက်လောင်နေ၏။

ကျင်ဝှက်က မီးပုံထဲသို့ ထင်းချောင်းများ ထိုးပေးလိုက်သလို ငှက်များကို မီးကင်လိုက်သည်။

မကြာပါချေ၊ မွှေးကြိုင်သော ငှက်မီးကင်နံ့ ထွက်ပေါ်လာ၏၊ မုရှိက သဘောကျစွာ ရယ်မောလိုက်ပြီး ငှက်ကင်ကို အရက်နှင့်မြည်းလေသည်။

တစ်ဖန်....

'ပစ်မှတ်ဆိုတာ အသေအရှင် ရှိသလို ပစ်မှတ် သေကိုထိအောင် ပစ်ပေမယ့်၊ ပစ်မှတ်ရှင်ကို ထိအောင် ပစ်ဖို့ရ



ခက်တယ်၊ ဒါပေမယ့် ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပေါ့၊ ဒါက ပစ်မှတ်နဲ့ပတ်သက်လို့ပေါ့၊ လက်နက်ပုန်းနဲ့ပတ်သက်လို့ပြောရရင် အင်း...ကိုယ်ကြိုက်နှစ်သက်ရာ လက်နက်ပုန်း အမျိုးမျိုးကိုအသုံးပြုလို့ရတယ်၊ ဒါပေမယ့် အမာအပျော့ဆိုတာ ကွဲပြားသေးတယ်၊ အပ်၊ ကြေးပြား၊ ကျောက်ခဲ စတာတွေကို အမာလက်နက်ပုန်းလို့ခေါ်တယ်၊ စက္ကူ၊ ပန်းပွင့်၊ ပိတ်စ၊ သစ်ရွက် ဒါတွေကိုတော့ အပျော့လက်နက်ပုန်းလို့ဆိုနိုင်တယ်၊ လက်နက်ပုန်းရယ်လို့ သီးခြားဆောင်ထားတာထက် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ တွေ့ရတဲ့ လက်လှမ်းမီသမျှ အရာဝတ္ထုအားလုံးကို သူ့နေရာနဲ့သူ အံဝင်ခွင်ကျ အသုံးပြုနိုင်ဖို့က အရေးကြီးဆုံးပဲ ဖြစ်တယ်'

ကျင်ဝှက်က မုရှိအား လေးစားသော အကြည့်ဖြင့် ကြည့်လိုက်သည်။

မုရှိပြောပြသည့် စကားများကိုလည်း သေသေချာချာ မှတ်သားထားလိုက်သည်။

မုရှိက အရက်တစ်ခွက်သောက်ကာ ငှက်ကင်တစ်ဖဲ့ စားလိုက်ပြီးမှ စကားဆက်လိုက်ပြန်သည်။

'ပတ်ဝန်းကျင်မှာ ဘယ်လို အသုံးပြုစရာမျိုးမှ ရနိုင်စရာလမ်း မရှိဘူးဆိုရင် မမြင်ရတဲ့လေကိုတောင်မှ အသုံးပြုရလိမ့်မယ်

'ဗျာ'

ကျင်ဝှက် မယုံနိုင်အောင် ဖြစ်သွားသည်။

'လေကို လက်နက်ပုန်းအဖြစ် အသုံးပြုရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ဘာလဲ မင်းက မဖြစ်နိုင်ဘူး ထင်လို့လား'

'ဟာ—ကျွန်တော်က သည်လိုသဘောမျိုး ပြောတာ မဟုတ်ပါဘူးဗျာ'

ဟု ပျာပျာသလဲ ပြောလိုက်သည်။

မုရှိက—

'ကဲ...မင်းရဲ့လက်တစ်ဖက်ကို ရှေ့ကို ဆန့်ထုတ်ထားလိုက်စမ်း'

ဟု ပြောရာ ကျင်ဝှက်သည် ကြောင်အမ်းအမ်းဖြင့် ဝဲဘက်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

မုရှိက...



'မင်းကြည့်ထား'

လက်ညှိုးနှင့်လက်မကိုကွေးကာ ထောက်ထုတ်လိုက်သည်။

'ဖျုံ'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာ၏။

ကျင်ဝက လက်ဆန့်ထုတ်လိုက်သဖြင့် တွဲလောင်း ကျနေသော အင်္ကျီလက်တွင် အပေါက်ကလေး တစ်ပေါက် ဖြစ်သွားသည်ကို တွေ့မြင်ရ၏။

'ဟာ'

ကျင်ဝ လွှတ်ခနဲ အော်၍ ခုန်ထလိုက်၏။

မုရှိက ပြုံးစိစိဖြင့်
'မင်းယုံပြီလား'
ဟုမေးသည်။

ကျင်ဝသည် ရုတ်တရက် စကားမပြောတတ် အတော်လေး ကြာမှ...
'ဟုတ်-ဟုတ်ကဲ့၊ ယုံပါပြီဗျာ'
ဟု ပြောလိုက်၏။

မုရုံက—

'ငါ့ မင်းကို လေတောင် အသုံးပြုလို့ရတဲ့ လက်နက်ပုန်း ပညာကို သင်ပေးမှာပါ'

ဟု ပြောလာသည်။

x x x

တစ်လ-

တစ်လဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

တစ်လ အတွင်း၌ မုရုံက သူ၏ လက်နက်ပုန်း ပညာမှ အကောင်းဆုံး သိုင်းကွက်ဖြစ်သော လေလက်နက်ပုန်း ပညာကို သင်ကြားပေး၏။

ထိုပညာရပ်သည် လွယ်မယောင်နှင့်အလွန်ခက်သောပညာ ဖြစ်ကြောင်း လက်တွေ့ သင်ကြားမှ သိနိုင်၏။



သူသည် သိုင်းပညာကို လိုလားသူ ဖြစ်ရကား စွဲနဘဲဖြင့် ကြိုးစားလေ့ကျင့်ခဲ့၏။

သို့ဖြင့် အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။

z z z

တောင်းတင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာနေ၏။

တောအုပ်အတွင်း၌ မုရုံ၏ သစ်လုံးအိမ်လေးမှ မီးရောင်များ ထွက်နေ၏။

မုရုံသည် အံရက်တစ်အိုး ယုန်သားကင် တစ်ကောင်ဖြင့် ရက်မင်း စည်းစိမ် ခံစားနေသည်။

ကျင်ဝကမူ ညဥ့်နက်သည်အထိ အိမ်ရှေ့ မြေကွက်လပ်၌ လက်နက်ပုန်းပညာ လေ့ကျင့်နေ၏။

မုရိုက သူ၏ သိုင်းကွက်ကို သေချာ ရှင်းပြသည်။

သင်ကြားပေး၍ သူ၏ တာဝန် ကျေသွားပြီး လက်ဆက် လေ့ကျင့်ရန်မှာ ကျင်ဝ၏ တာဝန်သာ ဖြစ်သည်ဟု ပြော၏။

ထို့ကြောင့် သူက နေ့ည အချိန်မခွဲဘဲ အပြင်းအထန်ပင် လေ့ကျင့်ခြင်း ဖြစ်သည်။

မုရိုက ကျင်ဝကို အသာ လွှတ်ထားလိုက်၏။

ယနေ့ည

ယနေ့ညသည် လပြည့်ည ဖြစ်ပါ၏။

ကျင်ဝသည် လက်နက်ပုန်းပညာကို ကျင့်ရင်းအမှတ်မထင် ကောင်းကင်ပေါ် မော့ကြည့်၏။

လပြည့်ည ဖြစ်သည့် အားလျော်စွာ ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေ၏။

သူသည် လဝန်းကို ကြည့်ပြီး..

'ငါ ဒီနေရာက်လာတာ ဘာလိုလိုနဲ့ တစ်လတောင်ပြည့်ပြီ'



ဟု ရေရွတ်လိုက်၏။

တစ်လ ဟူသော အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟုပင် ထင်မှတ်ရသည်။

သူသည် တစ်လပြည့်ပြီ ဟူသော အသိ ဝင်လာသည်နှင့် ဆရာဖြစ်သူ၏ စကားကို ကြားယောင်လာ၏။

'ကျင်ဝ .မင်းကို ငါမျက်ခြည်မပြတ် ကြည့်နေမယ်၊တစ်ယောက်ယောက်ကတော့ မင်းကို လက်ခံမှာ သေချာတယ်၊ မင်းက သူတို့ နောက်ကို လိုက်သွားပြီး သူတို့ရဲ့ သိုင်းကျမ်း ဘယ်မှာ ဝှက်ထားတယ်ဆိုတာ စုံစမ်းပါ၊ယူဖို့ကြိုးစားပါ၊ တစ်လပြည့်တဲ့ အချိန် မင်းကို ငါလာတွေ့မယ်'

သူ သက်ပြင်းချသည်။

ဆရာဖြစ်သူ ဝါပေသည် သူ့ထံသို့ ရောက်၍ တွေ့ဆုံလိမ့်မည်မှာ သေချာသည်။

သူတွေးတော၍ စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လာချိန်မှာပင် မလှမ်းမကမ်း တစ်နေရာ၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့ရသည်။

ကျင်ဝ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မျက်လုံးပြူး၍ သေချာကြည့်လိုက်သည်။

ထိုအခါ လူရိပ်တစ်ခုသည် လေနှင့်အတူ လွင့်မျော လာသလို နီးကပ်လာသည်ကို တွေ့ရ၏။

ထိုလူရိပ်သည် သူနှင့် ဝါးတစ်ရိုက်ခန့် အကွာထွင် ရပ်သွားသည်။

ထိုလူရိပ်သည် သူ့အား လက်ယပ် ခေါ်သည်ကိုတွေ့ရ၏၊

'ဟင်....ဆရာပါလား'
လွှတ်ခနဲ ရေရွတ်သည်။
ဝါပေ ရောက်လာပြီဖြစ်သည်။

ကျော်ဝ မနေနိုင်တော့ဘဲ ဝါပေထံသို့ ပြေးသွားလိုက်၏၊

Z Z Z

ဝါပေ၏ မျက်နှာ ပြုံးရွှင်နေသည်၊

ကျော်ဝအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး....



'ကျော်ဝ....မင်းက လက်နက်ပုန်းပညာကို အတော်တတ်နေပြီ ထင်တယ်'

ဟု ပြော၏။

ကျော်ဝက ဦးညွှတ်လိုက်သည်။

'မှန်ပါ့ဆရာ၊ ဦးလေးမုကအ သူ့ရဲ့သိုင်းတစ်ကွက် ကျွန်တော့်ကို သင်ပေးပြီး လေ့ကျင့်ခိုင်းပါတယ်'

ဝါပေက...

'ဒါတွေ ငါစိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာကမုရဲ့ သိုင်းကျမ်း ဘယ်မှာထားတယ်ဆိုတာပဲ'

ကျော်ဝက

'မှန်ပါ့၊ ကျွန်တော် စုံစမ်းနေပါတယ်ဆရာ'

ဟု ပြောလိုက်၏။
ဝါပေ လှုပ်လှုပ်ရှားရှားဖြစ်မိ၏။
'ဘာ–စုံစမ်းနေတုန်း ဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'နေပါဦး၊ မင်းက ဒီကို ရောက်နေတာ တစ်လရှိပြီ၊ ခုထိ စုံစမ်းနေတုန်းပဲ၊ အိမ်က ကျဉ်းကျဉ်းလေး ဘယ်မှာ ဝှက်ထားတယ်ဆိုတာတောင် မင်းမသိဘူးလား'

'ကျွန်တော်....'

ကျော်ဝ မည်သို့ ဖြေရမှန်းမသိ ဖြစ်သွားသည်။

သူမ မကျေမနပ် ဖြစ်နေ၏။
မြေပေါ် ခြေဆောင့်ပြီး....

'မင်း အတော်ညံ့ပါလား၊ သိုင်းကျမ်း အကြီးကြီးမှာ မှားမှတ်ဘူး၊ မုရှိရဲ့ ကိုယ်ပေါ်မှာပဲ ဝှက်ထားလိမ့်မယ်၊ သူရေမိုးချိုးတုန်း၊ အိပ်ပျော်နေတုန်း ရှာကြည့်ပေါ့'

ဟု ပြော၏။
ကျော်ဝက....

'ကျွန်....ကျွန်တော် ရှာဖို့ စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့ မလုပ်ရဲလို့ပါ ဆရာ'



'မလုပ်ရဲလို့'

'ဟုတ်ပါတယ်၊ မတော်တဆ သူရိပ်မိသွားရင်ကျွန်တော့်ကို ချမ်းသာပေးမှာ မဟုတ်ပါဘူး၊ ဆရာ့ရဲ့ အကြံလဲမအောင်မြင်ဘဲ ပျက်ပြားသွားပါလိမ့်မယ်၊ မပိုင်သေးဘဲ မလုပ်ဝံ့သေးဘာကြောင့် အခြေအနေ စောင့်ကြည့်နေတာပါ'

သူ နားဝင်အောင် ရှင်းပြ၍ ဝါပေ ကျေနပ်သွား၏။

သူမ အနည်းငယ် စဉ်းစားပြီး....

'မုရှိမှာ ဘယ်လို ထူးခြားချက် ရှိသလဲဆိုတာရော မင်း သတိပြုမိလား'
ဟု မေး၏။
ကျော်ဝက-

'သူက အရက်ကို အဆက်မပြတ် သောက်နေတာကလွဲပြီး တခြား ထူးခြားတာ မတွေ့ရပါဘူး'

'အရက်သောက်တာ'
'ဟုတ်ပါတယ်'
ဝါပေ နှာခေါင်းရှုံ့၏။

'ဟွန်း သူ့လို အရက်သမားက အရက်သောက်တာ ဘာ ဆန်းလို့လဲ'

ဟု ပြော၏။

ကျင်ဝက....

'သူက တခြား အရက်သမားနဲ့ မတူဘူး၊ နေ့ရော ညပါ သောက်နေတာ၊ ပြီးတော့ သူသောက်တဲ့ အရက်တွေက အတော် ထူးခြားတယ်'

မုရှုံ၏ ထူးခြားသော အရက်အိုးအကြောင်း ပြောပြ၏။

ဝါပေ မျက်မှောင်ကုတ်၏။

သူမသည် အတန်ကြာ တိတ်ဆိတ်သွားပြီးမှ....

'ဟုတ်ပြီ၊ သူ့ရဲ့ လက်နက်ပုန်း သိုင်းကျမ်းကိုရဖို့ကတကယ် တမ်း ကျတော့လဲ လွယ်လွယ်လေးပါလား'

ဟု ဝမ်းသာအားရ ပြော၏။

သူ ကြောင်အမ်းအမ်း ဖြစ်မိ၏။

'ရဖို့လွယ်လွယ်လေးဟုတ်လား ဆရာ'



'အေး....သိပ်လွယ်တာပေါ့၊ ငါပြောသလိုသာလုပ်'

သူမသည် ကျင်ဝ၏ လက်ကိုဆွဲ၍ အနီးခေါ်ယူ၏။

သူ၏ နားနားကပ်၍ တစ်စုံတစ်ခု တီးတိုးပြောပြသည်။

သူမ၏ စကားအဆုံး၌ ကျင်ဝ မျက်နှာပျက်သွားသည်။

ခန္ဓာကိုယ်လည်း ဆတ်ခနဲတုန်ခါသွား၏။

ကပျာကယာ နောက်ဆုတ်၏။

ဝါပေ မျက်မှောင်ကုတ်သည်။

'ဒါ-ဘယ်လို ဖြစ်သွားတာလဲ'

ဟု မေးသည်။

သူ ခေါင်းခါလိုက်၏။

'ဘာ ဘာမှ မဖြစ်ဘူး ဆရာ'

ဝါပေ မဲ့ပြုံး ပြုံး၏။

'ငါ့ကို မလိမ်ချင်စမ်းပါနဲ့၊ မင်း ထိတ်လန့်သွားတာမဟုတ်လား'

ကျင်ဝ ခေါင်းငုံ့ထားၿပီး
'ဟုတ်ပါတယ်ဆရာ'
ဟု ဝန်ခံလိုက်သည်။

ဝါပေက—

'အေး—ငါ့ပြောသလို မလုပ်ရင် အရင်ဆုံး သေသွားရမှာ မင်းပဲ ဆိုတာ မှတ်ထား'

'ဆရာ'

သူ့အထိတ်တလန့်ခေါ်၏။

ဝါပေက

'မနက်ဖြန်ည ငါလာခဲ့မယ်၊ မင်းဘက်က အဆင်သင့်ဖြစ်ပါစေ'

စကားဆုံးလျှင် ချာခနဲလှည့်၍ ထွက်သွား၏။



တခဏ အတွင်းမှာပင် အဝေးသို့ ရောက်ရှိ၍ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ကျင်ဝကား ငူငူကြီး ရပ်လျက် ကျန်ရစ်ခဲ့လေသည်။
မနက်ဖြန်ည....

မနက်ဖြန်ညသည် အလွန်ကြောက်မက်ဖွယ် ကောင်းသည့် ညတစ်ည ဖြစ်လာလိမ့်မည်ဟု ကျင်ဝ နားလည်ထားသည်။

Z Z Z

## သေရည် သေရက်

ည—

လပြည့်ကျော် တစ်ရက်နေ့ည ဖြစ်ပါသည်။

ဝါပေ ချိန်းဆိုထားသော ညသို့ ရောက်လာပြီဖြစ်သည်၊

ယနေ့ညအဖို့ ကျော်ဝမှာ ဂနာမငြိမ် ဖြစ်နေရတော့သည်၊

သူအမူအရာပျက်နေသည်ကို မုရုံပင်ရိပ်မိသွား၏။

မုရုံသည် သူ့အား မျက်မှောင်ကုတ်၍ ကြည့်ပြီး



'ကျော်ဝ....မင်းဘာယ်လို ဖြစ်နေတာလဲ'

ဟု မေးလာသည်။

သူ ရင်ထိတ်သွား၏။

'ကျွန် ကျွန်တော် ဘာမှ မဖြစ်ပါဘူး'

မုရုံက—

'ဘာမှမဖြစ်ဘူးသာ ဆိုတယ်၊ မင်းကြည့်ရတာ ကျီးလန့်စာစား ဖြစ်နေပါလား'

'ဗျာ'

'ဟဲ ဟဲ သူခိုးလူမိတဲ့ ပုံမျိုးလို့ထဲ ပြောလို့ရသေးတယ်'

'ကျွန် ကျွန်တော်'

ကျော်ဝ ပိုပြီး မျက်နှာပျက်သွား၏။

မုရုံက ရယ်မောလျှ အရက်တစ်ခွက် ငှဲ့သောက်၏၊

နောက်ထပ် ငှဲ့လိုက်သည့်အခါ အရက်ကို ထွက်မလာပါ။

အရက်ကျန်သွားပြီ ဖြစ်သည်။

မုရုံ သက်ပြင်းချမိသည်။

'အရက်ကလဲ ကုန်တာမြန်လိုက်တာ၊ အင်း မင်းက ငါ့ဆီမှာ ပညာသင်နေတုန်း အရက်စပ်တဲ့ ပညာကိုလဲ သင်ပေးရဦးမယ်၊ ဒါက ငါ့ရဲ့ မူပိုင် ပညာပါကွာ၊ ငါ့သဘောနဲ့ ငါ သင်ပေးလို့ရပါတယ်၊ ဘယ်သူ့ ဆီမှ ခွင့်တောင်းစရာမလိုဘူး'

ဟု ပြော၏။

ကျင်ဝသည် ထိတ်လန့်နေသည့်ကြားမှ အခွင့်အရေးတစ်ခု ရသည်နှင့် တုန့်ဆိုင်းမနေဘဲ-

'ကျွန်တော် အရက် မစပ်တတ်ပေမယ့် အရက် ကောင်းကောင်းရအောင် ဘယ်လိုစပ်ရတယ်ဆိုတာကြားဖူးပါတယ်'

ဟု ပြော၏၊

မုရုံ စိတ်ဝင်စားသွားသည်။

'မင်းက အရက်စပ်တဲ့ နည်းကို ကြားဖူးတယ်ဟုတ်လား'



'ဟုတ်ပါတယ်ခင်ဗျာ'

'အင်း-လောကပေါ်မှာ ငါ့လောက် အရက်စပ်နည်း စုံတဲ့လူ မရှိတော့ဘူးလို့ ထင်ထားတာကွ၊ ကဲ-မင်းက ဘယ်လို ကြားဖူးလို့လဲ ပြောစမ်းပါဦး'

ကျင်ဝက-

'အဆိပ်ပြင်းတဲ့ သတ္တဝါတွေနဲ့ စိမ်ထားတဲ့ ဆေးအရက်ဟာ အရသာအရှိဆုံး၊ အကောင်းဆုံးနဲ့ အပြင်းဆုံးလို့ ဆိုပါတယ်'

ထိုစကားကြားလျှင်
'ဟား ဟား ဟား'
မုရုံက ဟားတိုက်ရယ်မိ၏၊

သူက
'ဘာဖြစ်လို့လဲခင်ဗျာ'
ဟု မေးသည်။

မုရုံက-

'အဆိပ်ပြင်းတဲ့ သတ္တဝါတွေနဲ့ ဖော်စပ်ထားတဲ့အရက်ကို ငါ ဘာကြောင့် မသောက်ဖူးရမှာလဲ၊ သောက်ဖူးတာပေါ့'

သူက
'ဦးလေးမှ မသောက်ဖူးတဲ့အရက် ရှိမှာပါ'
မုရှဲ ခေါင်းခါယမ်းသည်။

'မရှိဘူး၊ ပင့်ကူ ကင်းခြေများ မြွေပွေးမြွေဟောက်၊ အို အားလုံးကို စိမ်ပြီး သောက်ဖူးတာပဲ'

သူက အကွက်ဝင်လာပြီဖြစ်ရာ ဝါပေ မှာသည့်အတိုင်း ပြောလိုက်သည်။

'ဒါဖြင့်–တောက်တဲ့စိမ်ထားတဲ့ အရက်ရော ဦးသောက်ဖူးသလား'

မုရှဲ အံ့ဩသွားသည်။
'ကြံကြံဖန်ဖန်ကွာ'
သူက

'တောက်တဲ့စိမ် အရက်က အဆိပ်အပြင်းဆုံးနဲ့အကောင်းဆုံးအရက်လို့ ပြောပါတယ်'



ဟု ပြော၏။
မုရှဲ တွေဝေသွားပြီး
'နေပါဦး၊ မင်းဘယ်က ကြားဖူးတာလဲ'

ဟု မေးသည်။
သူက
'မြောင်နယ်ခြားဒေသက ကြားခဲ့တာ'

'မင်း သေချာတယ်နော်'
'သေချာပါတယ် ဦးလေးမှ'
မုရှဲ ခေါင်းတဆတ်ဆတ်ညိတ်၏။

'ကောင်းပြီ၊ ငါက သောက်ကြည့်ချင်သေးတယ်'

သူက
'ဦးလေးမှ တကယ် ပြောတာလား'
'တကယ်ပေါ့၊ ဘာဖြစ်လို့လဲ'

'ဦးလေးမှ တကယ် သောက်မယ် ဆိုရင် တောက်တဲ့ကို ကျွန်တော် ဖမ်းပေးမယ်လေ'

မုရှဲ စိတ်ဝင်စားသွား၏။
'မင်းတကယ်ပြောတာလား'

'တကယ်ပြောတာပါ၊ တောထဲကို ကျွန်တော် သွားရင်၊ တောက်တဲတစ်ကောင်ကို တွေ့ထားတယ်၊ ရွှေဝါရောင်သမ်း နေတဲ့ တောက်တဲ့ပေါ့၊ အရမ်းအဆိပ်ပြင်းတာ၊ဖမ်းပြီး သူ့ သွေးနဲ့ အရက်ကို တစ်ခါတည်း ရောသောက်လိုက်ရုံပဲ'

သူသည် မုရှိနှင့်အတူ တောထဲသွား၍ ငှက်များ၊ ယုန် ကလေးများ ဖမ်းဖူးသည်။

တစ်ခါတစ်ရံ စားနပ်ရိက္ခာများအတွက် သူတစ်ဦးတည်း လည်း သွားခဲ့ရသည်။

ထို့ကြောင့်

သူသည် တောအုပ်ထဲ သွားမည်ဆိုသည်ကို မုရှိကသံသယ မဖြစ်တော့ပါ။

'ကောင်းပြီလေ၊ မင်းတွေ့တယ်ဆိုရင် သွားဖမ်းပေါ့၊ ဒါ ထက် မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား'

ကျင်ဝက-

'ဖြစ်ပါတယ်၊ ကျွန်တော်က နေရာကို သေချာ မှတ်ထား တာပါ၊ ဖမ်းရတာလွယ် မခက်ပါဘူး၊ ခုချက်ချင်း ကျွန်တော် ပြန်လာပါ့မယ်'



သူသည် မုရှိ၏ တုန့်ပြန်မှုကိုပင် မစောင့်တော့ဘဲ အိမ်ပြင် ပြေးထွက်သွားလေသည်။

'အရက်ကောင်းကောင်း သောက်ရတော့မှာပဲဟေ့'

မုရှိက ရယ်မောရင်း ကျန်ရစ်ခဲ့သည်။

Z· Z· X

ကျင်ဝက တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် သစ်ပင် တစ်ပင်နောက်မှ လူတစ်ဦး လှမ်းထွက်လာသည်ကို တွေ့ရ၏

ဝါပေဖြစ်ပါသည်။

သူ ခြေလှမ်း တုန့်ခနဲ ရပ်သွားလေ၏။

ဝါပေက
'အခြေအနေဘယ်လိုလဲ'
ဟု မေးသည်။

သူ ခေါင်းညိတ်သည်။

'ကျွန်တော်က ဆရာပြောတဲ့အတိုင်း ပြောပြီးပါတယ်'

ဝါပေက
'အဲဒီတော့ သူကဘာပြောသလဲ'
'သူ သဘောတူသွားပါတယ်'

'ကြည့်'
'ကျွန်တော့်ကို တောက်တဲ့ ဖမ်းခိုင်းတယ်'
ဝါပေ ပြုံးလိုက်သည်။

'ငါထင်သားပဲ၊ အရက်နဲ့ ပတ်သက်လာရင် မုရှံ့ဟာ အားနည်းချက်ရှိတယ်၊ သူ့အားနည်းချက်ကို လိုက်ပြီး သူ့အနိုင်ယူရမှာပဲ၊ရော့ ဒီမှာ တောက်တဲ့ မင်းယူသွားပေတော့'

ရွှေရောင်တောက်ပနေသော တောက်တဲ့အသေတကောင်ကို ထုတ်ပေးသည်။

ကိုတင် စည်းဝါးရိုက်ထားသည့် အတိုင်း သူမက အသင့်ယူလာခဲ့ခြင်း ဖြစ်သည်။

ကျင်ဝက တောက်တဲ့အသေကို ယူလိုက်၏။



ဝါပေက...

'ကဲ... မင်းသွားတော့ ပိပိရိရိ ရှိပါစေနော်'

'ကောင်းပါပြီဗျာ'

ကျင်ဝသည် ဆရာဖြစ်သူအား နှုတ်ဆက်ကာ တောအုပ်ထဲမှ ပြန်ထွက်လာခဲ့သည်။

ထိုနောက် မုရှံ့စောင့်ဆိုင်းနေသည့် အိမ်ကလေးဆီသို့ ပြေးလွှားလာခဲ့လေသည်။

ဝ ❋ ဝ

ကျင်ဝက အိမ်ထဲဝင်လိုက်သည်နှင့် မုရှံ့က အံ့အားသင့်သောလေသံဖြင့် လှမ်းမေးလာလေသည်။

'မင်းသွားတာ မြန်လှချည်လား'

ကျင်ဝက ဦးညွတ်လိုက်သည်။

'ကျွန်တော်က ကိုယ်ဖော့ပညာ အသုံးပြုပြီးသွားခဲ့တာကြောင့် ခုလို မြန်မြန်မြန်ရောက်လာတာပါ ခင်ဗျာ'

မုရုံ ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်...ကောင်းတယ်၊ မင်း မြန်မြန်ရောက်လာတော့လဲ ငါက မြန်မြန်သောက်ရတာပေါ့၊ ကဲ—မင်းလဲ ငါ့ကို အရက်စပ်ပေးစမ်းပါဦး'

'ဟုတ်ကဲ့ ဦးလေးမုရုံ'

ကျင်စသည် ဘောက်တဲ့သွေးဖြင့် အရက်တစ်ခွက် စပ်ပေးလိုက်၏၊ မုရုံက စဉ်းစားခြင်းမပြုဘဲ အရက်ခွက်ကိုယူ၍ တစ်ရှိန်ထိုး မော့လိုက်သည်။

ကျင်စသည် မုရုံကို ခပ်မှိုမရဲကြည့်နေ၏။

သူ၏ရင်ထဲ တထိတ်ထိတ်ခုန်နေသည်။

အရက်သောက်ပြီးလျှင်....

'ကောင်းလိုက်တဲ့အရက်'



ဟု ချီးကျူးလိုက်သည်။

ကျင်စက—

'ကျွန်တော်က ဦး အရက်ကောင်းကောင်း သောက်ရစေချင်တဲ့ စေတနာနဲ့ပါခင်ဗျာ'

မုရုံက—

'ဟုတ်တယ်၊ တောက်တဲ့သွေးအရက်က သိပ်ကောင်း'

ပြောရင်း ဝါးခနဲ သမ်းဝေလိုက်သည်။

'အရသာရှိလိုက်တာ၊ မျက်တောင်တွေတောင် စင်းလာပြီ၊ ငါ အိပ်ပျော်တော့မယ် ထင်တယ်'

မုရုံသည် လျှာလေးအာလေး ဖြစ်လာလေသည်။

သူ၏မျက်လုံးများ မှေးစင်းလာသည်။

တဝါးဝါး သမ်းဝေလိုက်ပြီးလျှင်-

'ရှိန်း'

စားပွဲပေါ်သို့ မှောက်ကျသွားကာ အိပ်ပျော်သွားလေတော့သည်။

z z z

မုရှဲကား တခေါခေါဟောက်ကာ အိပ်ပျော်နေသည်၊

အရက်တစ်ခွက်သောက်လိုက်ရုံဖြင့်အိပ်ပျော်သွားခြင်းဖြစ်လေသည်၊

ကျင်ဝသည် မုရှဲအား ငေးကြည့်နေသည်။

မုရှဲက သူ့ဒုက္ခရောက်နေသည်ဟူ၍ယုံကြည်ကာ စေတနာအပြည့်အဝဖြင့် ကူညီခဲ့သူဖြစ်ပါသည်၊

သူကား မုရှဲ၏စေတနာကို အလွဲသုံးစားပြုလုပ်ကာ ဒုက္ခပေးခဲ့ပြီ မဟုတ်ပါလား။



သူ၏လုပ်ရပ်သည် မှားယွင်းနေသလို အပြစ်ရှိသည်ဟု ခံစားသာရသည်။

ထိုစဉ်—

ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်ဝက လှည့်မကြည့်ဘဲ ဆရာဖြစ်သူ ဗှာပေရောက်လာပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

မှန်ပေသည်။

'ဝါ့တပည့် မင်း သိပ်တော်တယ်'

ဝါ့ပေ၏စကားသံ ထွက်ပေါ်လာခဲ့လေသည်။

ကျင်ဝအနီးသို့ ရောက်လာသည်။

သူမသည် စားပွဲပေါ်၌ မုရှဲသောက်ခဲ့သော အရက်ခွက်ကိုယူကာ အနံ့ခံကြည့်လိုက်သည်၊

ပြီးလျှင် သဘောကျစွာ ရယ်လိုက်၏။

'မုရှိက အဆိပ်ကို မှုတာမဟုတ်ဘူး၊ အဆိပ်အရက်ဆိုတာ သူသောက်နေကျပဲ၊ ဒါပေမယ့် ရွှေရောင်သောက်တဲ့နွဲလဲကျ ရော ဘာမှ မတတ်နိုင်တော့ဘူး'

ဟု ပြော၏။
ကျွင်ဝေက
'ဆရာ သူအဆိပ်မိသွားပြီ ဟုတ်လား'

ဟု မေးလိုက်၏။

ဝါပေက

'ဟုတ်တယ်၊ သောက်တဲ့ အဆိပ်နဲ့ သူ သောက်ထားတဲ့ အခြားအဆိပ်တွေ ပေါင်းစပ်မိတော့ မခံနိုင်အောင် ဖြစ်သွား ရတာပေါ့၊ ဒါတောင်မှ သောက်တဲ့အရက်က သူ့ကို သေ အောင် မတတ်နိုင်သေးဘူး၊ ခေါင်းထဲမူးပြီး အိပ်ပျော်သွား တာ ထမင်းတစ်အိုး ကျက်ခန့်ကြာရင် နိုးလာပြီးနောက်ထပ် အရက်တစ်ခွက် တောင်းဦးမှာပဲ'

'ဗျာ'



သူ ထိတ်လန့်သွားသည်။

သူ၏ လုပ်ရပ်ကိုသာ မုရှိသိသွားပါက ချမ်းသာပေးမည် မဟုတ်ကြောင်း သဘောပေါက်၏။

ဝါပေက

'ဒါပေမယ့် ငါရောက်လာပြီ ဘာမှ ပူစရာမလိုတော့ဘူး'

စကားဆုံးလျှင် မုရှိ၏ကျောပြင်မှ သွေးကြောတစ်နေရာ ကို လက်ညှိုးဖြင့် ထောက်ချသည်။

'အင့်'

မုရှိ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ညည်းညူသံ ထွက်ပေါ်လာသည်။

သူက
'သူနိုးလာတော့မယ်ထင်တယ် ဆရာ'
ဟု လွတ်ခနဲပြော၏။

သူမ နှာခေါင်းရှုံ့လိုက်သည်။

'မင်း တော်တော်ညံ့တာပဲ၊ င ါဇာ သွေးကြောပိတ်သိုက်တာ မတွေ့ဘူးလား၊မကြာခင် သူ့ရဲ့သွေးကြောတွေပေါက်ပြန့်တော့မယ်၊ ခန္ဓာကိုယ်ထဲမှာ ရောက်နေတဲ့ အဆိပ်တန်ခိုးတွေ ပြလာတော့မယ်၊ သူဘယ်လောက် ကြာကြာခံနိုင်မလဲ'

သူက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။

သူမ သဘောကျစွာ ရယ်၏။
မကြာပါချေ။
'အား'

မုရုံသည် စူးရှစွာ အော်ရင်း ဝုန်းခနဲ ခုန်ထလာသည်၊

သူ၏ အသွင်မှာ ထိတ်လန့်ဖွယ် ကောင်းနေ၏၊

မျက်လုံးကြီးပြူးထွက်၍ ခြေလက်များ တွန့်လိမ်ကောက်ကွေးအောင်ပင် အကြောများ ဆွဲပြီး..

'ဝုန်း'
ကြမ်းပြင်ပေါ် လဲကျသွား၏။
သူမက



'ခုတော့ စိတ်ချရပါပြီ'

ဟု ပြောသည်။

တစ်ဖန်

'ကျင်ဝ သူ့ကိုယ်ပေါ်မှာ သိုင်းကျမ်းရှာကြည့်စမ်း'

ဟု အမိန့်ပေးသည်။

သူက မငြင်းရဲဖြင့်

'ဟုတ်-ဟုတ်ကဲ့'

မုရုံအနီး ဒူးထောက်ချ၍ တစ်ကိုယ်လုံး စမ်းသပ်ရှာမိ၏။

မကြာပါချေ မုရုံ၏ အင်္ကျီရင်ဘတ်ကြားမှ လက်ဝါးခန့်စာအုပ်လေး တစ်အုပ်ကို တွေ့ရသည်။

'ဟောဒီမှာ တွေ့ပြီဆရာ'

သူက ဝါပေအား လှမ်းပေးသည်။

[illegible] နန္ဒကျော်သူ

သူ့မကာ လှမ်းယူရင်း

'ဟား ဟား ဟား ငါကြုံရင် ဘာခံနိုင်မှာလဲ'

ဟုပြော၍ ရယ်မောလိုက်လေတော့သည်။

x x x

## ဒုတိယလူ

---

### ကြိုးကြာရေကန်

ကြိုးကြာရေကန်သည် ကျယ်ဝန်းပြီး သာယာ လှပသော ရေကန်ကြီးတစ်ခု ဖြစ်သည်၊

ထိုရေကန်၏ အရှေ့တောင်အရပ်၌ ရောင်စုံပန်းများ ဝေဆာစွာ ပွင့်ဖူးနေသော တောင်ကုန်းတစ်ခု ရှိသည်။

ထိုကုန်းပေါ်၌ ဂီတစံအိမ် တည်ရှိ၏။

စံအိမ်ပိုင်ရှင်မှာ အဓိပတိသိင်္ဂီးဆရာကြီး စန်ကျွန်၏တပည့် ခုနစ်ဦးအနက် အမှတ်စဉ် ခုနစ် လင်တိ ပိုင်ဆိုင်သည့် စံအိမ် ဖြစ်သည်။

ယခုနေ့—

စံအိမ်သို့ လူရွယ်တစ်ဦး ရောက်ရှိလာသည်။

ထိုလူရွယ်မှာ ကျောင်ဝေ ဖြစ်ပါ၏။

စံအိမ်ရှေ့မှ အစောင့်များက သူ့ကို ဟန့်တားကြသည်၊

'ဘယ်သူလဲ'

'ရပ်လိုက်'

သူက ခြေလှမ်းရပ်၍ တည်ကြည်သည့်မျက်နှာဖြင့်

'ကျုပ်နာမည် ကျောင်ဝေပါ၊ ဂီတစံအိမ်ပိုင်ရှင် လင်တိကိုလာ ရောက် ဂါရဝပြုခြင်း ဖြစ်ပါတယ်၊ ကျုပ်ကို ဆရာ မှုရုံက လွှတ်လိုက်တာပါ'

ဟု ရှင်းပြလိုက်သည်။



အစောင့်တို့က ချက်ချင်း သတင်းပို့ကြ၏၊ မကြာပါချေ၊ လင်တိကိုယ်တိုင် ဂီတစံအိမ်ထဲမှ ထွက်လာသည်ကိုတွေ့၏။

ကျောင်ဝေသည် မြေပေါ် ဒူးထောက်ချ၍ ဂါရဝ ပြုသည်။

'အမှတ်ခုနစ် ဦးလေးကို ဂါရဝ ပြုပါတယ်ခင်ဗျာ'

လင်တိသည် သူ့အား မမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့ဩသွားသည်။

'ကျောင်ဝေပါလား၊ ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ၊ အမှတ်လေး မှုရုံရော'

ဟု မေးလာ၏။

တစ်ဖန်

'ကဲ ထပါ ထပါ'

ဒူးထောက်ရာမှ ထရန် ဖေးမ လိုက်၏။

ကျောင်ဝေစာ မတ်တတ်ရပ်လိုက်ပြီး

'ဦးလေးမုရုံက ကျွန်တော့်ကို ပညာသင်ပေးပြီးလို့ ဦးလေးလင်ဆီ လွှတ်လိုက်တာပါ ခင်ဗျာ'

ဟု ပြောခဲ့၏။

လင်တိ မျက်မှောင်ကုတ်သည်။

'ဩြော်…သူက မင်းကို ပညာသင်ပေးပြီးပြီ ဟုတ်လား။ မင်းသွားတာ ဘာမှ ကြာသေးတာမှ မဟုတ်တာ'

သူက

'တစ်လခွဲလောက်ပဲ ရှိပါသေးတယ်'

လင်တိက

'ဒီလောက်အချိန်အတွင်းမှာ သူက အကောင်းဆုံး သိုင်းတစ်ကွက်ကို သင်ပေးနိုင်တယ် ဟုတ်လား'

သူ ဦးညွှတ်မိသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ သူက ဘယ်လို လေ့ကျင့်ရမယ်ဆိုတာ သေချာ သင်ပေးပါတယ်၊ နောက်များမှပဲ အချိန်ယူပြီး ကိုယ့်ဘာသာ ဆက်လေ့ကျင့်ဖို့ မှာလိုက်ပါတယ် ခင်ဗျာ'



လင်တိက အနည်းငယ် စဉ်းစား၏။

'ဩြော် ဒီလိုလား၊ ကျုပ်သဘောပေါက်ပြီ'

သူက ပြုံးလိုက်ပြီး

'သူကိုယ်တိုင်လက်ထပ်သင်ပေးရမယ်ဆိုရင်အရှက်သောက်ဖို့ အချိန်မရမှာ စိုးလို့ ထင်ပါတယ်'

ပြောပြီး ရယ်မောလိုက်၏။

ထို့နောက်

'သူက ကျုပ်ကို တာဝန် လွှဲလိုက်တာပေါ့ ဟုတ်လား'

'ကျွန်တော့်ကို ဦးဆီသွားဖို့ လွှတ်လိုက်ပါတယ် ခင်ဗျာ'

'ကဲ လာလာ'

လင်တိသည် ပျူငှာစွာပင် စံအိမ်အတွင်း ဖိတ်ခေါ်၏။

သူက လိုက်ပါသွား၏။

လင်တိက ပျူငှာမှု ရှိနေသည့်အခါ သူ၏ရင်ထဲ ဖော်မပြနိုင်အောင် ခံစားချက်တို့ ဖြစ်လာသည်။

သူက ဂီတ စံအိမ်သို့ ရောက်လာခြင်းမှာ ကောင်းသော လာခြင်း မဟုတ်ပါ။

သူရောက်လာခြင်းကြောင့် စံအိမ် ကံဆိုးမိုးမှောင် ကျရမည် မဟုတ်ပါလား။

ကျင်ဝသည် စိတ်မကောင်းစွာဖြင့် စံအိမ်ထဲသို့ လိုက်ပါသွားရသည်။

—o—

လင်တိသည် အလွန်နူးညံ့သိမ်မွေ့သူဖြစ်ပြီး စာပေဂီတကိုလည်း ဝါသနာထုံသူဖြစ်သည်။

ကျင်ဝ ရောက်ရှိလာသည့်အခါ...

'ကျုပ်စံအိမ်မှာ တံခါးမရှိ ခါးမရှိ ဝင်ထွက် သွားလာနိုင်တယ်၊ မင်းပျော်သလိုသာ နေပါ၊ ကျုပ်ရဲ့ အကောင်းဆုံး သိုင်းကွက် တစ်ကွက် မင်းကို သင်ပေး ပါ့မယ်'



ဟု ပြောသော်။

ကျင်ဝက

'ဦးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး ခင်ဗျာ၊ ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာရဲ့ဆန္ဒအတိုင်း တစ်နေ့ကျရင် ထိပ်တန်းသိုင်းသမား တစ်ဦး ဖြစ်လာအောင် ကြိုးစားသွားမယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်၊ ဒါပေမဲ့'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထား၍ လင်တိက...

'ဘာဖြစ်လို့လဲကွယ်'

ဟု မေးလာသည်။

သူက

'အမှန်အတိုင်း ဝန်ခံရရင် သိုင်းပညာ သင်ယူဖို့အရေးကို အတော် စိတ်ကုန်နေပါတယ် ခင်ဗျာ'

ဟု ပြောလိုက်၏။

လင်တိက

'ဘာဖြစ်လို့ စိတ်ကုန်ရတာလဲ၊မင်းမှာအကြောင်းတစ်ခုခု ရှိမယ်ထင်တယ်'

သူက—

'ကျွန်တော်က ဦးတို့ကို အနှောင့်အယှက် ပေးသလို ဖြစ်နေလို့ပါ ခင်ဗျာ'

သူ၏ စကားကြောင့် လင်တီကရယ်မိ၏။

'ဖြစ်ရလေကွာ၊ ကျုပ်တို့အတွက် အနှောင့်အယှက် ဖြစ်စရာ ဘာမှမရှိဘူး၊ မင်းကို ကူညီနိုင်တာကိုပဲ ဝမ်းသာနေကြတာပါ၊ ကဲ ဘာမှ တွေးမနေနဲ့၊ ကျုပ်သင်ပေးတဲ့ ပညာကို သာ ဂရုစိုက်ပြီး လေ့လာပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ'

လင်တီက တည်ကြည်သော မျက်နှာဖြင့်–

'မင်းမှတ်ထားရမှာက ကျုပ်ရဲ့ သိုင်းကွက်တွေဟာ စာပေ ဂီတနဲ့ ဆက်နွယ်နေတယ် ဆိုတာပဲ'

'ဟုတ်ကဲ့'

'ဆရာဟာ ကျုပ်ဝါသနာနဲ့ အကျင့်စရိုက်ကို သိထားတဲ့ အတွက် မြှိုင်ဘက်တင်းတဲ့ ဗျပ်စောင်းပညာရပ်ကို တီထွင်ပေး



ခဲ့တယ်၊ ကျုပ်က ဒီပညာထဲက အကောင်းဆုံး သိုင်းကွက် တစ်ကွက်ကို သင်ပေးလိုက်မယ်'

သူက ဦးညွှတ်လိုက်၏။

'ဦးရဲ့ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ'

ဟု ရိုရိုသေသေ ပြောလိုက်သည်။

လင်တီက....

'ကောင်းပြီ၊ ကျုပ်က ဗျပ်စောင်း သိုင်းကွက်ရဲ့ သဘော တရားကို ပြောပြမယ်၊ မင်း သေချာ မှတ်ထားပါ'

'ဟုတ်ကဲ့'

'သိုင်းပညာရပ် ဆိုတာ သဘာဝတရားရဲ့ အဖြစ်အပျက် တွေအပေါ်မှာ မူတည်ပြီး တီထွင်ထားတာပဲဖြစ်တယ်၊ ဗျပ် စောင်းပညာကတော့ ဂီတသံစဉ်တွေကို သိုင်းပညာရပ်တစ်ခု အဖြစ် ပြောင်းလဲထားတာပဲ၊ ဂီတပညာရပ်ဟာ နူးညံ့သိမ် မွေ့တယ်၊ လူတို့ရဲ့ စိတ်နှလုံးကို ညှို့ယူ ဖမ်းစားနိုင်တယ်၊ ညင်

သာ ပျော့ပျောင်းလာအောင် လုပ်နိုင်တယ်၊ ဒါပေမယ့် ခက်ထန် ကြမ်းတမ်းအောင်လဲ ဖန်တီးနိုင်စွမ်း ရှိသေးတယ်ကွယ့်ကဲ….မင်း နားဆင်ကြည့်လိုက်စမ်းပါ'

စကားဆုံးလျှင် ရွှေချထားသော ဗျပ်စောင်းလေးကို ယူကာ အသာအယာ တီး ခတ်လိုက်သည်၊

'ဒေါင်….ဒင်'

ချိုလွင်သာယာသော စောင်းတီးသံများ ထွက်ပေါ်လာ၍ ကျင်ဝှက နားထောင်နေလိုက်၏။

စောင်းသံကို ကြားရသည်မှာ ကြည်နူးဖွယ် ကောင်း၏၊

ရင်ထဲ ပျော်ရွှင်လာ၏၊

စိတ်ထဲ လှန်းဆန်းလာ၏။

သို့သော်

လင်ကိက စောင်းသံ၏ သံစဉ်ကို ပြောင်းလဲလိုက်သည့်အခါ သူ၏ရင်ထဲ စိုးရိမ်ပူပန်မှုများ ဖြစ်လာ၏၊



ပျော်ရွှင်စရာများ ပျောက်သွား၍ ထိတ်လန့်လာသည်၊

ထိုမျှမကဘဲ မကျေနပ်မှုနှင့် ဒေါသစိတ်များဖြစ်လာ၏။

မြင်သမျှ ရန်မူချင်လာ၏။

လင်တိက စောင်းသံကို အချိန်မီ ရပ်တန့်လိုက်၍သွားလျှင် တော်ပေ၏။

သို့မဟုတ်ပါက သူသည် အမှားတစ်ခုခု ပြုလုပ်မိမှာ သေချာပါသည်၊

စောင်းသံ ကွယ်ပျောက်တော့မှ သူသည် ပုံမှန်ဖြစ်လာ၏၊

သို့တိုင်….

ခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်းလာခဲ့သည့်အလား မောဟိုက် ပင်ပန်းပေ၏၊

နဖူးပေါ်၌လည်း ချွေးများစို့ရွှဲနေသည်၊

လင်တိက

'ဂီတသံစဉ်ဟာ အသုံးချတတ်ရင် ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ မင်းလက်ခံပြီလား'

ဟုမေးလာသည်။

သူ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော် လက်ခံပါတယ်ခင်ဗျာ'

လင်တိက

'ဒီပညာဟာ ခက်ခဲနက်နဲတယ်၊ လျှို့ဝှက်တယ်၊ ရုတ်တရက်သင်ကြား တတ်မြောက်ဖို့ မလွယ်ဘူး၊ ဒါပေမယ့်အခြေခံ ရှိပြီးသားဆိုရင် အချိန်ယူလေ့လာတာနဲ့ တတ်မြောက်မှာပါ'

ကျင်ဝက

'ကျွန်တော် ကြိုးစားပါမယ်ခင်ဗျာ'

ဟု ဝန်ခံကတိ ပြု၏။



လင်တိက

'မင်း ပထမဆုံး လေ့လာရမှာက ဗျပ်စောင်း၊ ပလွေ၊ လင်းကွင်း စတဲ့ တူရိယာပစ္စည်းမရှိဘဲ ကိုယ်တွယ်အသုံးမပြုဘဲ ရှိတဲ့ပစ္စည်းနဲ့ သံစဉ်တွေ ဖြစ်လာအောင် စွမ်းဆောင်နိုင်ဖို့ပဲ'

'ဗျာ'

သူ နားရှုပ်သွားသည်။

လင်တိ၏ စကားကို နားမလည်နိုင်အောင် ဖြစ်ရသည်။

လင်တိက

'အခု မင်းနားလည်မှာ မဟုတ်ဘူး၊ ကျုပ်ရှင်းပြပါမယ်၊ သေချာ နားထောင်ပါ'

'ဟုတ်ကဲ့ခင်ဗျာ'

သူ အမှန်တကယ် စိတ်ပင်စားမိ၏။

သူ၏ ပညာသည် လျှို့ဝှက်နက်နဲသည့် ပညာရပ် တစ်မျိုးဖြစ်ကြောင်း သဘောပေါက်မိ၏။

လင်တိက တည်ကြည်သော မျက်နှာဖြင့် ရှင်းပြ၏။

'လောကပေါ်မှာ တူရိယာပစ္စည်းတွေမပေါ်ခင်ကတည်းက သဘာဝတရားက ဖန်တီးထားတဲ့ ထူးခြားမှု သံစဉ်တွေဟာ အံ့ဩမကုန်နိုင်အောင် ရှိခဲ့ပြီးဖြစ်တယ်၊ ဥပမာ လေတိုက်သံ သစ်ရွက်လှုပ်သံ ကျေးငှက်တို့ရဲ့ ခတ်သံ ရေလှိုင်းခတ်သံ အစရှိတဲ့ သဘာဝ အလျောက် ဖြစ်ပေါ်နေတဲ့ သံစဉ်တွေပဲဖြစ်တယ်၊ ဒီသံစဉ်တွေကို လိုအပ်သလို ထားသို စီစဉ်လိုက်မယ်ဆိုရင် အင်း....တေးသွားအလိုက် တစ်ပုဒ် ဖြစ်မလာ နိုင်ပေဘူးလား'

ကျင်ဝ ခေါင်းညိတ်သည်၊
'ဟုတ်ကဲ့၊ ဖြစ်လာနိုင်ပါတယ်ခင်ဗျာ'
လင်တိက

'လူသားတို့ဟာ သဘာဝတရားက ဖြစ်ပေါ်လာတဲ့သံစဉ်တွေကို အမြဲတမ်း ကြားသိ ခံစားနိုင်လို့ မဖြစ်နိုင်မှန်း သိလို့ တူရိယာပစ္စည်းတို့ကို တီထွင်ပြီး မိမိဆန္ဒရှိတဲ့ အချိန်မှာ နှစ်သက်တဲ့ သံစဉ်တွေ ဖန်တီးရနိုင်အောင် ကြိုးစားခဲ့ကြတာ၊ ဒီလိုနဲ့ပဲ ဂီတပညာ ထွန်းကားလာခဲ့ရတာပဲ'

ဂီတပညာနှင့် ပတ်သက်၍ လင်တိ၏ ခံယူချက်ကို ကြားသိလိုက်ရသည်။



လင်တိက ဆက်ရှင်းပြသည်။

'တူရိယာပစ္စည်းတွေနဲ့ သံစဉ်တွေကို ဖန်တီးယူလို့ ရသလို တူရိယာမဲ့ သဘာဝအတိုင်း ဖန်တီးလို့ရအောင် ကြိုးစားနိုင်ရမယ်၊ ဥပမာ သစ်ရွက်တစ်ရွက် ခူးပြီး မှုတ်လိုက်ရင် လေချွန်သံလို အသံမျိုး ထွက်လာနိုင်တာပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'တုတ်တစ်ချောင်း ဒါမှမဟုတ် ကြိုးတစ်ချောင်းကို ဝှေ့ယမ်းရင် လေတိုက်သံမျိုး ဖြစ်လာတာပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကျောက်ခဲ နှစ်လုံးကို ကောက်ယူပြီး တီးခတ်ရင်ရော'

'မြင်းခွာသံလို အသံမျိုး ထွက်လာနိုင်ပါတယ်'

ကျင်ဝက သူဉာဏ်မီသလောက် ပြောသည်။

လင်တို ကျေနပ်မိသည်။

'ဒါပေါ့ကွယ်၊ ပထမ လက်လှမ်းမီသမျှ အရာဝတ္ထုတို့နဲ့ သံစဉ်အမျိုးမျိုးကို ဖန်တီးနိုင်ရမယ်၊ ဒုတိယ သံစဉ်ကိုအပြင်း

အမျော့ ခွဲခြားနိုင်ရမယ်၊ ဆူညံတဲ့အသံကို ဖန်တီးနိုင်သလိုပဲ နားထောင်ကောင်းတဲ့အသံမျိုးကိုပြောင်းလဲဖန်တီးနိုင်ရမယ်'

သူက စွဲမြဲစွာ မှတ်မိအောင် ကြိုးစားသည်။

လင်တိက

'သံစဉ်ကို ဖော်ထုတ်နိုင်ပြီး စိတ်ကြိုက်ဖန်တီးနိုင်ပြီဆိုရင် သိုင်းပညာနဲ့ပေါင်းစပ်တဲ့အခါ ပြိုင်ဘက်ကင်းတဲ့ ဂီတသိုင်းပညာတစ်ရပ် ဖြစ်လာပြီလို့ ဆိုရမယ်၊ ကဲ မင်းကို အကြမ်းဖျင်း ရှင်းပြပြီးပြီ၊ လက်တွေ့ လေ့ကျင့်တဲ့အခါ မင်းပိုပြီး သဘောပေါက်လာသိမ့်မယ်၊ မင်းကြိုးစားပါ'

သူကဦးညွှတ်မိ၏။

'စိတ်ချပါခင်ဗျာ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါမယ်'

ဟု ကတိပေးလိုက်သည်။

ထို့နောက်



ကျော်ဝသည် လင်တိ သင်ပေးသည့် ဂီတသိုင်းပညာမှ အကောင်းဆုံး သိုင်းကွက်တစ်ကွက်ကို ကြိုးစားလေ့ကျင့်ခဲ့သည်။

လင်တိကလည်း စေတနာ အပြည့်အဝထား၍ သင်ကြားပေးသည်။

သို့ဖြင့်....

ကျော်ဝသည် လင်တိ၏ ဂီတစံအိမ်တွင် အချိန်ကုန်ခဲ့ရပြန်လေသည်။

X X X

တစ်လ—

လင်တိအိမ်သို့ ကျော်ဝရောက်လာပြီး တစ်လအကြာလဝန်း ပျောက်ကွယ်သည့် လကွယ်နေ့ည ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေ၏။

လင်တိနှင့်တကွ စံအိမ်မှ အလုပ်သမားတို့ အိပ်စက်အနားယူနေကြပြီဖြစ်သည်။

အစောင့်အကြပ် အချို့သာ တာဝန်ဝတ္တရား အတိုင်း စောင့်နေကြသည်။

ယနေ့ညအဖို့ ညဉ့်နက်သည်အထိ ကျော်ဇ အိပ်မပျော်နိုင်သေးပါ။

သူ၏ စိတ်များ လှုပ်ရှားနေသည်။

အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်၍ ဂနာမငြိမ်ဖြစ်မိ၏။

သို့ဖြင့်..

ညသန်းခေါင်အချိန် ရောက်ရှိလာသည့်အခါ သူမနေနိုင်တော့ပါ။

ပြတင်းတံခါးဖွင့်၍ အပြင်သို့ တိတ်တဆိတ် ခုန်ထွက်မိ၏။

လင်တိက အိမ်၏ အရှေ့ဘက် အခန်း တစ်ခန်း၌ သူ့ကို နေရာချပေးခြင်း ဖြစ်သည်။



သူ၏ အခန်းအပြင်၌ ပန်းဥယျာဉ်ရှိသည်။

သူသည် အပြင်သို့ ခုန်ထွက်လိုက်ပြီး ပန်းဥယျာဉ်အတွင်း ဝင်၍ ပုန်းအောင်းလိုက်၏။

ညဉ့်နက်သန်းခေါင် အချိန်သို့ ရောက်နေပြီ ဖြစ်သည်က တစ်ကြောင်း၊ လင်တိအား နှောင့်ယှက်ဝံ့သူ မရှိသည်က တစ်ကြောင်းမို့ အစောင့်တို့သည် အေးဆေးစွာ ရှိ၍ ငိုက်မြည်းနေကြပြီဖြစ်သည်။

ကျော်ဇသည် ပန်းဥယျာဉ်ထဲမှနေ၍ အတန်ကြာအောင် စောင့်ကြည့်နေပြီးမှ လှစ်ခနဲ ပြေးထွက်လာခဲ့လေသည်။

သူသည် ဝါပေထံမှ ကိုယ်ဖော့ပညာကို ဆရာစားမချန် ရရှိထားသူဖြစ်၏။

ထို့ကြောင့်–

သူ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလိုလျင်မြန်နေပြီးရိပ်ခနဲ ရွေ့လျားသွားသည်။

တစ်ခဏအတွင်းမှာပင်—

တောင်ကုန်းအောက်သို့ ရောက်ရှိကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

Z Z Z

ကျင်ဝသည် တောင်ကုန်းအောက် ရောက်ရှိသွားပြီဖြစ်၏၊

ပတ်ဝန်းကျင်၌ မလင်းတစ်လှည့်လင်းတစ်လှည့် တောက်ပနေသော ကြယ်ကလေးများ၏ မသဲမကွဲအလင်းရောင်သာလျှင်ရှိလေသည်။

ကျင်ဝသည် ဝန်းကျင်ကို အကဲခတ်ရင်း ငှက်အော်သံ ပြုလိုက်လေသည်။

အော်သံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်-

သူ၏ ကျောပြင် အေးခနဲဖြစ်သွားသည်။



လူရိပ်တစ်ခုက လျှပ်တစ်ပြက် ရောက်ရှိလာခြင်း ဖြစ်၏။

ထိုလူ ရောက်ရှိလာသည်နှင့် သူကဒူးထောက်ထိုင်ချပြီး-

'ဆရာ-'

ဟု ခေါ်လိုက်သည်။

မှန်ပေသည်။

သူ့အနီးသို့ရောက်ရှိလာသူမှာ ဝါပေဖြစ်၏။

ဝါပေက

'အခြေအနေ ဘယ်လိုလဲ'

ဟု မေးလိုက်လေသည်။

ကျင်ဝက

'ကျွန်တော်စုံစမ်းပြီးပါပြီ၊ ဦးလေးလင်တို့ဟာ သူ့ရဲ့သိုင်းကျမ်းကို သူကိုင်နေကျဖြစ်တဲ့ ဗျပ်စောင်းလေးထဲမှာ သိမ်းဆည်းသိုဝှက်ထားပါတယ်'

ဟု ရှင်းပြ၏။

ကျင်းဝသည် ဝါပေကို မလွန်ဆန်ဝံ့သဖြင့် ဂိတစံအိမ်သို့ ရောက်ရှိလာသောအခါ လင်တိ၏ သိုင်းကျမ်း မည်သို့ မည်ပုံ သိမ်းဆည်းထားသည်ကို စုံစမ်းခဲ့လေသည်။

တစ်လခန့်နေထိုင်ပြီးသောအခါ–

လင်တိက သူ၏ရွှေချထားသော ဗျပ်စောင်းလေး၏ ဖံ ဝှက်ထဲလျှို့ဝှက်စွာ သိမ်းထားသောသိုင်းကျမ်းကို ထုတ်ယူ ကာ လေ့လာနေသည်ကိုတွေ့ခဲ့ရလေသည်။

လင်တိက ထိုသို့ထုတ်ယူ လေ့လာနေသည်မှာ သူ့အား သင်ကြားပေးနိုင်ရန်ဖြစ်ကြောင်းနှင့်းလည်ထား၏။

မည်သို့ဆိုစေ....

ဝါပေအား မလွန်ဆန်ရဲသဖြင့် လင်တိ၏ ကျေးဇူးကို သစ္စာဖောက်ရခြင်းဖြစ်လေသည်။

ကျင်ဝက လင်တိ၏လျှို့ဝှက်ချက်ကို ပြောပြလျှင် ဝါပေ ကျေနပ်သွား၏။



'ကောင်းပြီ၊ မနက်ဖြန် မင်းခရီးသွားဖို့ အသင့်ပြင်ထား'

ဟု ပြောလေသည်။

သူ ကြောင်အမ်းအမ်းဖြစ်သွားပြီး....

'ကျွန်တော်ဘယ်ကိုခရီးထွက်ရမှာလဲဆရာ'

ဟု မေးမိလေသည်။

ဝါပေက....

'မနက်မိုးလင်းရင် မင်းသိရမှာပေါ့၊ တကယ်လို့ မင်းတို့ ခရီးထွက်ရင် လမ်းမှာ—'

သူမသည် ကျင်ဝအားတီးတိုးပြောပြသည်။

ကျင်ဝက ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ဝါပေကသေသေချာချာမှာကြားပြီးမှ....

'ငါမှာတာတွေ မမေ့နဲ့ မင်းသွားပေတော့'

ဟု လက်ဝေ့ယမ်းကာ ပြောလေသည်။

ကျင်ဝလည်း ဝါပေ၏ အမိန့်ကို မလွန်ဆန်ရဲဘဲဂိတစ်အိမ် သို့ ပြန်လာခဲ့ရလေသည်။

ဝ ဂ ဝ

ကျင်ဝသည် ညကညဥ့်နက်မှ အိပ်ရာဝင်ခဲ့ရပြီး မိုးလင်း ကာနီးမှ အိပ်ပျော်သွားခဲ့ရာ မိုးစင်စင်လင်းသောအခါ အိပ် ရာမှမနိုးဘဲ အိပ်ကောင်းဆဲရှိနေတော့၏။

ကျင်ဝ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေစဉ်မှာပင်....

'ဒေါက် ဒေါက်'

တံခါးခေါက်သံများ ထွက်ပေါ်လာသည်၊

ဆူဆူညံညံ အသံများကြောင့် ကျင်ဝ လန့်နိုးသွား၏၊



အိပ်ရာထက်မှ လူးလိမ့်ထ၍ တံခါး ဖွင့်ပေးသည်။

ထိုအခါ အိမ်ဖော်တစ်ဦး ရှိနေသည်ကို တွေ့ရပြီး....

'အစ်ကိုလေးကို သခင်ကြီးက ခေါ်ခိုင်းလိုက်ပါတယ်'

ဟုပြောလာသည်။

'ကောင်းပြီ၊ ကျုပ် အခုလာခဲ့မယ်'

ဟု ပြောလိုက်၏။

ချက်ချင်းပင် မျက်နှာသစ်ကာ အဝတ်အစားလဲပြီးထွက် လာခဲ့သည်။

ဧည့်ခန်းသို့ရောက်လျှင် လင်ဘိက အသင့် စောင့်ကြိုနေ သည်ကို တွေ့ရသည်။

ကျင်ဝက ဦးညွတ်ပြီး

'ကျွန်တော် အိပ်ရာထ နောက်ကျသွားတာ ခွင့်လွှတ်ပါ ခင်ဗျာ'

ဏ့ တောင်းပန်လိုက်သည်။

လင်တိက လက်ကာပြ၏၊

‘ကိစ္စမရှိဘူး၊ ကျုပ်က အရေးကြီးတဲ့ စကားပြောစရာရှိလို့ မင်းကို နှိုးခိုင်းလိုက်ရတာပါ’

‘ဟုတ်ကဲ့’

ကျင်ဝသည် ဝါပေ၏ မျက်နှာကို မြင်ယောင်လာသည်၊

ဝါပေသည် အချိန်ဆွဲမနေတော့ဘဲ လင်တိအားသုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပြီ မဟုတ်ပါလား။

လင်တိက တည်ကြည်သော မျက်နှာထားဖြင့်—

‘သည်မနက်ပဲ ကျုပ်ဆီကို စာတစ်စောင်ရောက်လာတယ်၊ လူတစ်ဦးက သူနဲ့ သိုင်းပညာချင်း ဖလှယ်ချင်တယ် ဆိုတဲ့ အကြောင်း ရေးသားထားတာပဲ’

‘ဗျာ’

‘ကျုပ်က အဲသည်လူနဲ့ သွားတွေ့မယ်လို့ ဆုံးဖြတ်လိုက်တယ်’



ကျင်ပက....

‘ဦးကို တစ်ယောက်ယောက်က စိန်ခေါ်လိုက်တာများလား’

ဟု မဝံ့မရဲ မေး၏။
လင်တိ ခေါင်းညိတ်၏။
‘ဟုတ်တယ်’

သူက....

‘သိုင်းလောကမှာ ဦးကို စိန်ခေါ်ဝံ့တဲ့လူ ရှိလို့လား’

လင်တိ ပြုံးလိုက်သည်။

‘ကျုပ် ဂိတစ်အိမ်ကို ထူထောင်ခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ရှိပါပြီ၊ ခုချိန်ထိ ယယ်သူမှ ကျုပ်ကို စိန်မခေါ်ဖူးသေးဘူး’

‘ဒါဖြင့် အခု စိန်ခေါ်လိုက်တာကး’

'အတော်ကို ထူးဆန်းနေတာပေါ့၊ ဒါကြောင့် ကျုပ်ကို ဘယ်သူ ခိုင်းခေါ်သလဲဆိုတာ သိရအောင် သူချိန်းတဲ့ နေရာ သွားမလို့၊ မင်းကိုပါ ခေါ်သွားဖို့ စိတ်ကူးထားတယ်လေ'

ကျော်ဝ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ခိုင်းခေါ်သူမှာ ဝါပေသာ ဖြစ်ရမည်ဟု နားလည်မိ၏။

လင်တီက
'မင်းလိုက်မယ် မဟုတ်လား'
ဟု မေးလာ၏။

သူက
'ကျွန်တော်....'
လင်တီ လက်ကာပြ၏။

'ဘာမှ မစိုးရိမ်ပါနဲ့ကွာ၊ မင်းအတွက် ကျုပ် တာဝန်ယူနိုင်ပါတယ်၊ မင်းကို ခေါ်သွားတာ တခြားကြောင့် မဟုတ်ဘူး၊ သူက ကျုပ်နဲ့ ဂီတပညာချင်း ပြိုင်ချင်တယ်လို့တောင် ဆိုထားလို့ပါ'

သူက
'ဒီလူ ရူးနေပြီထင်တယ်'
ဟု တမင်ဟန်လုပ်၍ ပြော၏။



'ဟား ဟား ဟား'

လင်တီက သဘောကျစွာ ရယ်လိုက်၏။

သူက—

'ဂီတသိုင်းပညာနဲ့ပတ်သက်လာရင် ဦးက ပြိုင်ဘက်ကင်း တဲ့ လူတစ်ယောက်ဆိုတာ သူမသိသေးဘူး ထင်ပါတယ်'

ဟု ပြောလိုက်၏။

လင်တီက....

'ကျုပ်ပညာ ပြိုင်ဘက်ကင်းတယ်ဆိုတာ မယုံကြည်တဲ့ လူ ရှိကောင်း ရှိနိုင်ပါတယ်လေ၊ မင်းကိုခေါ်တာ တခြားမဟုတ်ပါဘူး ဂီတပညာချင်း ယှဉ်ရမယ်ဆိုရင် ပြိုင်ပွဲကို ကြည့်တဲ့ အခါ မင်းအတွက် အတွေ့အကြုံ ရဖို့ပါပဲ၊ ကဲ....ဘယ်လိုလဲ မင်းလိုက်မယ် မဟုတ်လား'

သူက ဦးညွှတ်သည်။
'ဟုတ်ကဲ့၊ ကျွန်တော် လိုက်ခဲ့ပါမယ် ခင်ဗျာ'

'ဒါဖြင့် ခရီးထွက်ဖို့ ပြင်ဆင်ပေတော့၊ တို့ဗီလာနေ့ပဲသွား ကြမယ်'

သူက လင်တိအားကြည့်၍ ရင်ထဲမကောင်းသောအတိတ်နိမိတ်များ ခံစားလာ၏။

လင်တိသည် မကြာမီ အေးဒုက္ခကြုံတွေ့တော့မည်ဟုအလိုလို နားလည်ထားလေသည်။

Z Z Z

တောင်ကုန်းလေးပေါ်၌ ဂူတစ်အိမ်သည် ထည်ဝါစွာရှိနေ၏။

ကျင်ဝနှင့် လင်တိဘို့သည် စံအိမ်ကို ကျောခိုင်း၍ ထွက်ခဲ့ကြပြီဖြစ်၏။

သူတို့သည် တောင်ကုန်းလေးမှ ဆင်းလာပြီး တောအုပ်ကို ဖြတ်လိုက်ကြသည့်အခါ–

ရုတ်တရက် ချိုလွင်သာယာသောပလွေသံများထွက်ပေါ်လာသည်ကို ကြားမိသည်။



'ဟင်'

လင်တိ လွတ်ခနဲ ရေရွတ်၏။
ခြေလှမ်း တုန့်ခနဲရပ်သည်။

ကျင်ဝလည်း ရပ်တန့်လိုက်သည်။

လင်တိက သူ့ဘက်လှည့်ကာ–

'ပလွေသံက အတော် နားထောင်ကောင်းတာပဲ'

ဟု ပြောသည်။

ကျင်ဝ ခေါင်းညိတ်မိသည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဒီနေရာကို ရောက်တာတစ်လလောက်ရှိပြီ၊ ဒီပလွေသံမျိုး ဒီတစ်ခါပဲကြားဖူးတယ်'

လင်တိက

'ဂူတစ်အိမ်ရဲ့ အနီးတစ်ဝိုက်မှာ လျှို့ဝှက်တဲ့ ပလွေသံထွက်ပေါ်လာတာ အဓိပ္ပာယ်ထူးဆန်းနေတယ်၊ ဒါဟာ ကျုပ်ကို ယှဉ်ပြိုင်လှုပ်တဲ့ သဘောမျိုးပဲ၊ သွားကြည့်ရအောင်'

'ထောင်းပါပြီ ခင်ဗျာ'

လင်တိသည် ပလွေသံ ထွက်လာရာဆီ ဦးတည် ပြေး၏။

ကျင်ဝလည်း လိုက်သွား၏။

မကြာပါ။

တောအုပ်၏ ထောင်ဘက်တွင် ကျောက်တုံး ကျောက်ခဲ အချို့ ရှိနေသည့် မြေကွက်လပ်ကို ရောက်ရှိသွားကြသည်။

X X X

မြေကွက်လပ်တွင် ကျောက်တုံးကျောက်ခဲများ ရှိသည်

ထိုကျောက်တုံးများအနက် ကျောက်တုံးကြီး တစ်တုံး ပေါ်၌ လူတစ်ဦးက ကျောပေး၍ထိုင်နေ၏။

ထိုလူသည် ငွေရောင် ပလွေတစ်ချောင်းကို ပါးစပ်၌တေ ၍ ပျော်ရွှင်ဖွယ်ကောင်းသော တေးသွားအလိုက်ကို တီးမှုတ် နေသည်။



ကျင်ဝနှင့် လင်တိတို့သည် ထိုလူကို မြင်လျှင် ခြေလှမ်းရပ်သွားကြ၏။

ထိုလူအား သေချာ အကဲခတ် ကြည့်လိုက်၏။

ထိုလူမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ပြီး ဆံပင်ဖြားလျား ချထားသည့် အမျိုးသမီးတစ်ဦး ဖြစ်သည်။

ထိုအမျိုးသမီးကြီးကို မြင်လျှင် ကျင်ဝ ရင်ထိတ်သွား၏။

အကြောင်းကား —

အမျိုးသမီးကြီး၏ ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်သည်နှင့် ဆွဲဆရာ ဝါပေဖြစ်ကြောင်း သိလိုက်သည် မဟုတ်ပါလား။

ဝါပေထား လင်တိကိုလှည့်စား၍ သတ်ပစ်ဖို့ ကြံစည်နေ ပြဖြစ်၏။

ကျင်ဝ ကြောက်သွား၏။

ဝါပေကို တားဆီးလိုစိတ်တို့ဖြစ်လာသည်။

သို့သော်

နှုတ်ခွံ့နေပြီး စကားတစ်လုံးမှမပြောနိုင်ပါချေ။

လင်တိဏ ထိုလူမှာဝါပေဖြစ်ကြောင်းမရိပ်မိပါချေ။

ဝါပေကို အကဲခတ်ကြည့်၍—

'တယ်ကောင်းတဲ့ ပလွေသံပဲ—

ဟု ချီးကျူးလိုက်သည်။

ရုတ်တရက် ပလွေသံတိတ်သွားသည်။

ဝါပေက လှည့်ကြည့်လာတော့မည်ဟု ထင်မှတ်ရလေ၏၊

သို့သော်

ဝါပေလှည့်ကြည့်မလာပါချေ။

သူမသည် ပလွေသံကိုချက်ချင်းပြောင်းလိုက်၏။ ပလွေသံမှာ သာယာပျော်ရွှင်ဖွယ်ကောင်းသည့် သံစဉ်မှ ရန်လိုမုန်



တီးခြင်း၊ ခံပြင်းဒေါသထွက်ခြင်း စသည့် ခံစားဖွယ်ရာတို့ကို ဖော်ကျူးသည့် သံစဉ်အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။

ကျင်ဝသည် ပလွေသံစဉ်ကို နားထောင်ရင်း ရန်မူ တိုက်ခိုက်လိုစိတ်တို့ ဖြစ်ပေါ်လာသည်။

လင်တို့ကမူ

'ဟား ဟား ဟား—

သဘောကျစွာ ရယ်လိုက်သည်။

သူ၏ရယ်သံသည် ပလွေသံအား ဖုံးလွှမ်းသွားအောင်ပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လင်တိက သဘောကျစွာရယ်လိုက်ပြီး—

'ကောင်းလိုက်တဲ့ ပလွေသံ၊ မိတ်ဆွေက ဘယ်သူများလဲ၊ ပြောပါဦး'

ဟု မေးလိုက်သည်။

ထိုလူက

'တမလွန်ကမိတ်ဆွေပါ....

'တမလွန်ကမိတ်ဆွေ ဟုတ်လား....

'ဟုတ်ပါတယ်၊ ရှင့်ရဲ့ဂီတသံစဉ်ကို မက်မောခဲ့တဲ့လူတစ်ဦးပေါ့

လင်တီ ခေါင်းခါလိုက်သည်။

'ခင်ဗျားပြောတာကို ကျုပ်နားမလည်နိုင်တော့ဘူးဗျ-

ထိုလူက

'ကျွန်မက ဗျပ်ဖေဘင်းတီးခတ်မှုကို သိပ်ကို သဘောကျတာရှင့်'

'ဪ....ဒီလိုလား...

'ကျွန်မတို့ ပညာချင်းပြိုင်ကြရင်မကောင်းဘူးလား....

'ဗျာ'

လင်တီ အံ့သြသွားလေသည်။

'ပညာချင်းပြိုင်ချင်တယ် ဟုတ်လား....



'ဟုတ်တယ်'

လင်တီသည် သက်ပြင်းချလိုက်၏။

'လက်စသပ်တော့ ကျုပ်ကို ပညာပြိုင်ဖို့ စိမ်ခေါ်တာ ခင်ဗျားကိုး'

'ဟုတ်ပါတယ်ရှင်-

လင်တီက -

'နေပါဦး ခင်ဗျားက ဘယ်သူလဲ...

'တမလွန်ကမိတ်ဆွေလို့ ပြောပြီးပြီလေ...

လင်တီက

'ပဟေဠိဝှက်မနေပါနဲ့ဗျာ၊ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိချင်တယ်....

ထိုလူက

'သိချင်ရင် ရပါတယ်....

လှက်ထဲမှပလွေကို ချကာ လက်ဝှေ့ယမ်းလိုက်၏။

ရှတ်တရက်

ဆိုးရွားလှသောအပုပ်နံ့ ထွက်လာသည်။

လင်တိ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။

ကျင်ဝလည်း ဓားမြှောက်ရာနှာခေါင်းပိတ်ထားလိုက်သည်၊ လင်တိ မျက်နှာပျက်သွားသည်။

အန္တရာယ်ရှိနေပြီဟု ဆောင်းကောင်းကြီး နားလည်သဲ့ဟောပေါက်လိုက်လေ၏။

'မင်းဘယ်သူလဲ'
ဟု ငေါက်၏၊
ထိုလူက

'ကျွန်မ ဘယ်သူလဲဆိုတာ ခုထိတော့င် ရှင် မသိသေးဘူးလား'



လှင်တိတ်တိတ်ဘက် မျက်နှာလှည့်လာ၏။
ဤတွင်....
'ဟင် ညီမဝါ'

လင်တိ အထိတ်တလန့် ရေရွတ်မိသည်၊

ဝါပေ၏ မျက်နှာကို မြင်လိုက်ရပြီ မဟုတ်ပါလား။

သူမ၏ မျက်နှာတွင် ဒွံများ ပေကျံနေ၏။

မျက်နှာတစ်ခုလုံးညစ်ပတ်၍ ရှုပ်ပျက်ဆင်းပျက်ဖြစ်နေ၏။

ကျင်ဝပင် အထိတ်တလန့် ဖြစ်သွားရပါသည်။

'ဆရာ'

ဝါပေက ရယ်မောလိုက်၏။

သူမ၏ ရုပ်သွင်နှင့် ရယ်သံတို့မှာ ကြက်သီးမွေးညင်း ထစရာ ကောင်းလှ၏။

လင်တိက
'ညီမဝါ မင်းဆေသွားပြီ မဟုတ်လား'
ဟု ပြော၏။

ဝါပေက

'ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မဟာ တမလွန် ဘဝ ရောက်တဲ့တိုင်အောင် ရှင်တို့ရဲ့ သိုင်းပညာတွေကို လေ့လာချင် သေးလို့ မကျွတ်မလွတ်နိုင်ဘဲ ဖြစ်နေရတယ်လေ၊ အမှတ်ခုနစ် ရှင်ကသာ ကျွန်မကို ဂမ္ဘီရသိုင်းပညာ လေ့လာခွင့်ပြုမယ်ဆို ရင် ကျွန်မ ကျွတ်လွတ်သွားမှာပဲ'

ထိုစကားကြားလျှင် လင်တို ခေါင်းခါယမ်းသည်။

'မဖြစ်နိုင်ဘူး မင်းပြောတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျွန်မကိုသင်ပေးဖို့ ဘာ ကြောင့် သည်လောက် ဝန်လေးနေရတာလဲ'

လင်တိုက....

'ညီမဝါ၊ မင်း စိတ်လျှော့လိုက်ပါတော့၊ဆရာဟာသိုင်း ပညာနဲ့ ပတ်သက်လာရင် အချင်းချင်း တိုင်ပင် ဆွေးနွေးမှု မပြုရဘူး၊ တစ်ဦးပညာကို တစ်ဦးက မလေ့လာရဘူးလို့မှာ ထားတယ် မဟုတ်လား'



သူမက

'ကျွန်မက ဂမ္ဘီရသိုင်းပညာ မလေ့လာရရင် ဘယ်တော့ မှ ကျွတ်နိုင်မှာ မဟုတ်ပါဘူး'

လင်တိုက....

'မင်းတပည့်ကို ကျုပ်က အကောင်းဆုံး သိုင်း တစ်ကွက် သင်ပေးထားတယ်၊ မင်းကျွတ်ဖို့ ကောင်းပါပြီ'

သူမ ခေါင်းခါယမ်းသည်။

'ကျွန်မ မကျွတ်နိုင်ဘူး၊ ရှင်က ရှုတန် တောင်ပေါ်ကို သွားကြည့်ပါလား၊ ကျွန်မ သဘောထားကို တွေ့ရလိမ့်မယ်'

'မင်း'

'ရှုတန်တောင် တန်ခုလုံး ကျွန်မ ဖျက်ဆီးလိုက်ပြီလေ'

'ဘာ'

သူ ဒေါပွသွားသည်။

'တောက် မင်းဘာကြောင့် လုပ်တာလဲ'

သူမက–

'ဆရာ့ရဲ့ သင်္ချိုင်းကမ်းကို ဖျက်ပစ်လိုက်တာလေ'

'မင်း–မင်း'
သူ ဒေါသကို မထိန်းနိုင်တော့ပါ၊
'သေဖို့သာပြင်ထား'

ဟု အော်ဟောက်ကာ ဝါပေထံ ခုန်ဝင် တိုက်ခိုက်လေ၏။

Z Z X

ပထမပိုင်း–ပြီး၏။

နန္ဒကျော်သူ